# တနိုင်ငံဒေသတွင် ရွှေ ပယင်း

အသေးစားလုပ်ကွက်များ ချပေးရန် ဒေသခံများတောင်းဆို

စာ .. ၇သို့ »

# ဂူဟန်ကိုရိုနာဗိုင်းရပ်ကြောင့် မြန်မာ့ကျောက်စိမ်းဈေးကွက်

သုံးလထက် မနည်း ဈေးကွက်အေးနေနိုင်

စာ .. ၅သို့ »

# အခြေခံပညာ ကျောင်းတွင်းစစ် အတန်းစာမေးပွဲများကို မတ်လ ၄ ရက်တွင် ကျင်းပမည်

စာ .. ၁၃သို့ »


# မြစ်ကြီးနားသတင်း ဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်ကို KBZ Pay ဖြင့် ငွေပေးချေပြီး ဝယ်ယူဖတ်ရှုနိုင်ပြီ

အတွဲ (၇) အမှတ် (၃) ‘ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ’ (ဖေဖော်ဝါရီ ၁၄၊ ၂၀၂၀)

နှစ်ပါတ်တစ်ကြိမ်၊ ဒုတိယအပတ် သောကြာ | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


## ကချင်ပြည်နယ် ပြည်သူ့ပါတီတွင် ပါတီဝင် နှစ်သောင်းခန့်ရှိလာ

စာ .. ၄သို့ »

## တောင်ကိုရီးယားနိုင်ငံလုပ် လေအိတ်ရထားများဖြင့်

မြစ်ကြီးနား–မန္တလေး စတင်ပြေးဆွဲတော့မည်

စာ .. ၇သို့ »

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာ–တရုတ် နယ်စပ်ရှိ

စစ်ဘေးရှောင်များ စိုးရိမ်နေ

စာ .. ၁၄သို့ »

## ၁၇ နှစ် အတွင်း မြစ်ကြီးနားမြို့အတွက် အအေးဆုံးနှစ်ဖြစ်

စာ .. ၂သို့ »

# ပူတာအိုဒေသအတွင်း ကန့်သတ်ထားသည့်

## ခရီးစဉ်ဒေသများကို ဖြေလျှော့နိုင်ရန် ကြိုးပမ်းမည်




ဓာတ်ပုံ – Salai

စာ .. ၃သို့ »

# ကချင်ပြည်နယ်တွင် အမျိုးသမီး အကြမ်းဖက်ခံရမှုကို

## ရိုးရာအရ ဖြေရှင်းမှု အများဆုံးဖြစ်

စာ .. ၁၈သို့ »

# ၁၇ နှစ် အတွင်း မြစ်ကြီးနားမြို့အတွက် အအေးဆုံးနှစ်ဖြစ်

ဖေဖော်ဝါရီ ၁၀

၂၀၂၀ ခုနှစ်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အတွက်၁၇နှစ်အတွင်းအအေးဆုံးနှစ်ဖြစ်ကြောင်း ကချင်ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

မြစ်ကြီးနားမြို့၏ နှစ်အလိုက် အပူချိန်သည် ၂၀၁၆ ခုနှစ်တွင် ၈. ၅၊ ၂၀၁၇ခုနှစ်တွင် ၇. ၅၊ ၂၀၁၈ခုနှစ်တွင် ၇. ၃၊ ၂၀၁၉ခုနှစ်တွင် ၉. ၁ အထိ ရှိခဲ့ပြီး၊ ၂၀၂၀ ခုနှစ်တွင် ၆. ၇ ဒီဂရီစင်တီဂရိတ်ဖြင့် အအေးဆုံးနှစ် ဖြစ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းထွန်းက ပြောသည်။


"တစ်ခါတလေကလေ ဒီဇင်ဘာလနှင့် ဇန်နဝါရီလလယ်လောက်မှာ တစ်နှစ်လုံးရဲ့ အအေးဆုံးဖြစ်တတ်တာပေါ့နော်။ မနှစ်တုန်းကနဲ့ ဒီနှစ်က နည်းနည်းတော့ ပိုအေးတယ်"ဟု ၎င်းက ပြောသည်။

မြစ်ကြီးနားမြို့၏ အပူချိန်သည် ၂၀၀၃ ခုနှစ်တွင် အပူချိန် ၆. ၂ အထိကျဆင်းခဲ့သောကြောင့် အအေးဆုံးနှစ်ဖြစ်ခဲ့ပြီး ဆယ့်သုံးနှစ်အကြာ ယခုနှစ်တွင် အပူချိန် ၆. ၇အထိ ကျဆင်းနေခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း အအေးလှိုင်းဖြတ်သန်းမှုမရှိကြောင်း၊ ပုံမှန်အပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်အောက်ကျသွားမှသာ အအေးလှိုင်းဖြတ်သည်ဟု ပြောလို့ရကြောင်း ဦးနိုင်လင်းထွန်းက ဆက်လက်ပြောသည်။

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဖေ့စ်ဘုတ်စာမျက်နှာတွင် မိုးလေဝသသတင်းများကို အချိန်နှင့်တပြေးညီ ဖော်ပြပေးလျက်ရှိသည်။ ■

မျိုးမြတ်မြတ်ပန်







# KBC မှ ဆရာနှစ်ဦးကို မြစ်ကြီးနားအကျဉ်းထောင်သို့ ရွှေ့ပြောင်း





ဖေဖော်ဝါရီ ၁၁

ကချင်တော်လှန်ရေးနေ့တွင် တင်ဆက်သောပြဇာတ်နှင့်ပတ်သက်ပြီး KBCမှ ဆရာနှစ်ဦးကို ဖေဖော်ဝါရီ ၁၁ ရက်နေ့ နေ့လယ်က မြစ်ကြီးနားအကျဉ်းထောင်သို့ ရွှေ့ပြောင်းလိုက်ပြီဖြစ်ကြောင်း သိက္ခာတော်ရဆရာ ဒေါက်တာလဝမ်က ပြောသည်။


ဓမ္မဆရာ ၂ ဦးဖြစ်သည့် သိက္ခာတော်ရ ဆရာတော် ဦးဘိမာဒေါင်လွမ်းနှင့် လူငယ်တာဝန်ခံဆရာ တူးထန်ကို ဖေဖော်ဝါရီ၆ ရက်နေ့မှစတင်၍ မြစ်ကြီးနားမြို့ရှိမြို့မရဲစခန်းတွင် စတင်ထိန်းသိမ်းခဲ့ပြီးနောက်၊ ယနေ့တွင် အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ခြင်းလည်း ဖြစ်သည်။

"ရဲစခန်းကတော့ ခုနကကျွန်တော်ပြောသလို ၁၂နာရီဆို ထောင်ကပိတ်တယ်လေ။ အဲ့ဒါကြောင့် သူတို့ခေါ်သွားတာ။ ဒါပေမဲ့ ခုလူကြီးတွေ ညှိနှိုင်းနေတယ်"ဟု ဒေါက်တာလဝမ်က ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၅ ရက်နေ့က မြစ်ကြီးနားမြို့ ဂျော်ဘွမ်ဆုတောင်းတောင်တွင် ပြုလုပ်ခဲ့သည့် ကချင်တော်လှန်ရေးနေ့ အခမ်းအနားတွင် ပါဝင်သည့် ပြဇာတ်နှင့်ပတ်သက်ပြီး ယခုကဲ့သို့ စစ်ဆေးခံနေရတာဖြစ်ကြောင်း သိရသည်။ ■

Ah Je

# ပူတာအိုဒေသအတွင်း ကန့်သတ်ထားသည့် ခရီးစဉ်ဒေသများကို ဖြေလျှော့နိုင်ရန် ကြိုးပမ်းမည်




ဖေဖော်ဝါရီ ၇

ကချင်ပြည်နယ် အတွင်းရှိ ပြည်ပခရီးသွားများကို ကန့်သတ်ထားသည့် ခရီးစဉ်ဒေသများမှ ပူတာအိုဒေသ ဖုန်ကန်ရာဇီ၊ ဖန်ကရန်ရာဇီ၊ ဖုန်ရင်ရာဇီ စသည့် ရေခဲတောင်ဒေသများကို ဖြေလျှော့နိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဟု ဘဏ္ဍာအခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြောသည်။

၂၀၁၆ ခုနှစ်တွင် ပြည်နယ်အတွင်းရှိ အချို့သော ခရီးသွားဒေသများကို နယ်မြေလုံခြုံရေးအရ ပြည်ထဲရေးဝန်ကြီးဌာနက ကန့်သတ်လိုက်ချိန်မှစ၍ ပူတာအိုရေခဲတောင် ဒေသအပါအဝင် တချို့ကျေးရွာများသို့ သွားရောက်ခွင့် ပိတ်ပင်ခဲ့သောကြောင့်၊ ယခုကဲ့သို့ပြန်လည်ကြိုးစားရခြင်း ဖြစ်ကြောင်းဝန်ကြီးမှ ဆိုသည်။

“ဒီကိစ္စက တိုင်းဒေသနဲ့ ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်မရှိတော့ ပြည်ထောင်စုနဲ့ ဗဟိုအဆင့်မှာပဲ ဆုံးဖြတ်တဲ့အခါမှာ၊ အဲ့ဒီထဲမှာလည်း ပြည်ထဲရေး ဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်လည်း ရှိတော့ ကျွန်တော့အနေနဲ့လည်း တော်တော်ခက်ခဲတယ်”ဟု ၎င်းက ပြောသည်။

ပြည်ပခရီးသွား ကန့်သတ်နေရာများမှ ပူတာအိုမြို့ပေါ်(၁၁)ရပ်ကွက်၊ ကျေးရွာ(၁၃)ရွာ၊ မချန်းဘောမြို့ပေါ်နှင့် လည်ပတ်သင့်သည့် နေရာ(၅)နေရာကို ဖြေလျှော့ပေးရန် ပြည်နယ်အစိုးရမှ ၂၀၁၉ ခုနှစ်တွင် တင်ပြခဲ့ရာ ပူတာအိုမြို့နယ်မှ ရွာ(၇)ရွာဖြစ်သည့် ပမ္မတီး၊ နမ်ရှန်ကောင်၊ မုံငိုရ်၊ အထက်ဆန်ခေါင်၊ ဆန်ဒမ်း၊ ဝါဆာဒမ်းနှင့် ဒီယာဒမ်းတို့ကို ကန့်သတ်နယ်မြေအဖြစ်သာ ဆက်လက်ထားရှိပြီး ကျန်ဒေသများကို ဖြေလျှော့ပေးခဲ့ကြောင်း ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးဌာနမှ ပြည်နယ်မှူး ဦးခိုင်ဝင်းထံမှ သိရသည်။

“ဖန်ကရန်၊ ဖုန်ရင်၊ ဖုန်ကန်ဆိုပြီး ဒီ သုံးတောင်ကတော့ အဓိကပေါ့၊ ပြည်တွင်းရော၊ ပြည်ပရော စိတ်ဝင်စားတယ်။ ကန့်သတ်တဲ့ အခါကျတော့ သွားလို့မရတော့ဘူး။ ပြည်တွင်းကတော့ စွန့်စားတာကို စိတ်ဝင်စားတဲ့သူတွေ အခုချိန်ထိလည်း သွားနေတယ်”ဟု ၎င်းကပြောသည်။

ကချင်ပြည်နယ်၏ လက်ရှိခရီးသွားလုပ်ငန်း အခြေအနေသည် ပုံမှန်တိုးတက်လျက်ရှိနေပြီး ၂၀၁၉ နှစ်ကုန်ပိုင်းခန့်တွင် ပူတာအိုဒေသ ပြည်တွင်းခရီးသွားသူ သိန်းချီသည်အထိ များပြားခဲ့ကြောင်း ဦးခိုင်ဝင်းကပြောသည်။

“လက်ရှိအခြေအနေက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးရမယ့်နေရာမှာ၊ တရွေ့ရွေ့ပဲ တိုးတက်နေတယ်လို့ သုံးသပ်ရပါတယ်။ ထူးခြားတာက ပြည်တွင်းခရီးသွားတွေ ဒီနှစ်မှာ တော်တော်လေးကို ပိုတိုးတက်လာတယ်။ အထူးသဖြင့် ပူတာအိုခရီးစဉ်။ ဒေသမှာ ထာဝရနှောင်ကြိုးရုပ်ရှင်ပြအပြီး ဒီဇင်ဘာလ လောက်မှာဆို ခရီးသွားတွေ ထောင်နဲ့ ချည်ပြီးတော့ ရောက်လာတယ်”ဟု ဦးခိုင်ဝင်းမှ ရှင်းပြသည်။

ကချင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေမှ ဟိုတယ်လုပ်ငန်းရှင်များ ကိုယ်တိုင် သိသင့်သိထိုက်သည့် အချက်များကို သိရှိစေရန်အတွက် စီမံ/ဘဏ္ဍာဝန်ကြီးနှင့် ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံသည့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ပြုလုပ်ခဲ့သည်။ ■

Ann

# ပူတာအိုလေဆိပ်တွင် ကိုရိုနာဗိုင်းရပ်စ်တားဆီးရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေ



ဇန်နဝါရီ ၃၀

ပူတာအိုလေဆိပ်တွင်ကော်ရိုနာဗိုင်းရပ်စ်တားဆီးရေးအတွက် ခရီးသည်များကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

စစ်ဆေးမှုကို ဇန်နဝါရီ ၂၇ ရက်နေ့မှ စတင်ကာ ပြုလုပ်နေကြောင်း၊ လက်ရှိအခြေအနေထိ သံသယလူနာ တွေ့ရှိခြင်းမျိုး မရှိသေးကြောင်း ပူတာအိုခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ သန့်ဇင်ထွန်းက ပြောသည်။

“ဆေးခန်းတွေမှာ စစ်ဆေးနေပါတယ်။ အခုချိန်ထိ ဝူဟန်ဗိုင်းရပ်စ်လို့ မသင်္ကာသူ မတွေ့ရှိသေးပါဘူး။ တရားမဝင်လမ်းဖြစ်တဲ့ ခေါင်လန်ဖူးလမ်းဖက်ကျတော့ နယ်စပ်ဖက်မှာ အဲလောက် စိုးရိမ်စရာမရှိတော့ မလိုသေးဘူး။ ဒါပေမဲ့ အမြဲတမ်း အဆင်သင့်ထားရှိထားပါတယ်”ဟု ပူတာအိုခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန့်ဇင်ထွန်းက ပြောသည်။

ကချင်ပြည်နယ် - တရုတ်နယ်စပ်ဂိတ်များတွင်လည်း ကိုရိုနာဗိုင်းရပ်စ် တားဆီးရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေသည်။

ကန်ပိုက်တီ နယ်စပ်ဂိတ်တွင် ဇန်နဝါရီ ၂၈ ရက်က ဝင်လာသည့် တရုတ်နိုင်ငံသား ၃ ဦးမှာ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် ကျော်ခြင်းကြောင့် နယ်စပ်ဖြတ်ကျော်ဝင်ခွင့် မပေးခဲ့ကြောင်း သိရသည်။ ■

အောင်ခမ်း(ပူတာအို)



အယ်ဒီတာ့အာဘော်
Editorial

## မင်္ဂလာရှိသော နေ့ထူးနေ့မြတ်

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ၇၃ နှစ်မြောက်" ပြည်ထောင်စုနေ့" ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးအတွက် မမေ့အပ်၊ မမေ့နိုင်သေးသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်တစ်ရပ် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် နေထိုင်ကြသည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ဘာသာစကားပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်သည်။ ယခုကဲ့သို့ လူမျိုး၊ဘာသာပေါင်းစုံနေသည့် နိုင်ငံဖြစ်သည့်အတွက် အချင်းချင်းခွဲခြားဆက်ဆံသည့် စိတ်ဓာတ်တွေ မရှိဖို့၊ နားလည်မှုများရှိဖို့ အင်မတန်လိုအပ်သည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ၊ နိုင်ငံတော်အလံ တစ်ခုတည်းအောက်မှာ တည်ရှိသည့် နိုင်ငံတော် မည်သည့်အစိတ်အပိုင်း/မည်သည့် ဒေသမှာမဆို နေထိုင်ကြသည့် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်သော စိတ်ဓာတ်ကို ခေါ်သည်။ ထို့ကြောင့် ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် ထားရှိကြဖို့ အရေးကြီးဆုံးဖြစ်သည်။

သမိုင်းကြောင်းအရ တိုင်းရင်းသားလူမျိုး အသီးသီးတို့ကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ရရာလက်နက်ကိုင်စွဲပြီး နယ်ချဲ့များကို တွန်းလှန်၍ လွတ်လပ်ရေးရယူနိုင်ခဲ့သည်မှာလည်း ပြည်ထောင်စု စိတ်ဓာတ်ကြောင့်သာ ဖြစ်သည်။

သွေးမကွဲ စည်းလုံးခဲ့ခြင်းကြောင့် မေ့မရသည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့က ချုပ်ဆိုခဲ့ကြသော ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်က သက်သေထူလျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကချင်၊ ချင်း၊ ရှမ်း အမျိုးသား ကိုယ်စားလှယ် ၂၃ ဦးတို့က တိုင်းရင်းသား လူမျိုးအားလုံးတို့၏ စည်းလုံးညီညွတ်ခြင်းဖြင့် သာတူညီမျှ တစ်စည်းတစ်လုံးတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ် သဘောတူ လက်မှတ်ရေးထိုးသည့် အထိမ်းအမှတ်ကြောင့် ပင်လုံစာချုပ်ချုပ်ဆိုသော ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို "ပြည်ထောင်စုနေ့"အဖြစ် သတ်မှတ်ခဲ့သော သမိုင်းဝင်နေ့ရက်လည်း ဖြစ်ပါသည်။

တည်ထောင်ထားသော ပြည်ထောင်စုကြီး ပြိုကွဲမသွားအောင် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရာ ပြည်ထောင်စုသားတိုင်းရင်းသားလူမျိုး တစ်ရာကျော်ကလည်း စည်းလုံးမှု တစ်ညီတစ်ညွတ်တည်းဖြင့် ဆက်လက်ထိန်းသိမ်းကြရမည်။

တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှ ဖြစ်မည်ဆိုသည့် ခံယူချက်နှင့်အတူ နိုင်ငံတစ်ခု၏ ဒေသ၊ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်လေးစား တန်ဖိုးထားမှုတွေ ရှိလာပါက ပြဿနာပေါင်းများစွာမှသည် ပြည်ထောင်စုအောင်ပွဲဆီသို့ ရောက်ရှိလာရန် မျှော်လင့်တောင့်တပါသည်။

လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်များတွင် နိုင်ငံရေးအပြင် ကဏ္ဍအသီးသီးမှ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။ ပြည်သူလူထုတွေ မကြာခဏတောင်းဆိုနေကြသည့်၊ ဆာငတ်သကဲ့သို့ တောင့်တနေကြသည့် ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးကလည်း ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် ဝိုင်းဝန်းကူညီကြရပါလိမ့်မည်။။

ယနေ့ကျရောက်သည့် ဖေဖော်ဝါရီ ၁၂ ရက်နေ့" ၇၃ ကြိမ်မြောက် ပြည်ထောင်စုနေ့"အပြီး များမကြာမီအချိန်နောက်ပိုင်းတွင် အစိုးရအဖွဲ့၊ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်ရပ်စဲရေး သဘောတူစာချုပ် (Bilateral Ceasefire Agreement) လက်မှတ်ရေးထိုးနိုင်ရေးအတွက် တရားဝင်တွေ့ဆုံရန် ရှိနေသည်ဟု ကြားသိရသည်။ ယင်းတွေ့ဆုံပွဲမှတစ်ဆင့် ငြိမ်းချမ်းသော ဖက်ဒရယ်ပြည်ထောင်စုသို့ သွားနိုင်ရန် မျှော်လင့်မိပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်

# ကချင်ပြည်နယ် ပြည်သူ့ပါတီတွင် ပါတီဝင်နှစ်သောင်းခန့်ရှိလာ




ဖေဖော်ဝါရီ ၁၁

ကချင်ပြည်နယ် ပြည်သူ့ပါတီတွင် ပါတီဝင်ဦးရေ နှစ်သောင်းကျော်ခန့် ရှိနေပြီဖြစ်ကြောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီ ဥက္ကဋ္ဌဒေါက်တာတူးဂျာထံမှ သိရသည်။

ကချင်ပြည်နယ်ပြည်သူ့ပါတီ(KSPP)သည် ကချင်ပြည်နယ်ရှိ နိုင်ငံရေးပါတီ ၄ ခု ဖြစ်သည့် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ ကချင် ဒီမိုကရက်တစ်ပါတီ (KDP)နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (မနောတိုင်ပါတီ)၊ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ (UNFDP) တို့က မိခင်ပါတီများကို ဖျက်သိမ်းကာ ပေါင်းစည်းထားသည့် ပါတီဖြစ်သည်။

လက်ရှိအချိန်တွင် ပါတီဟောင်းများမှ ပါတီဝင်များနှင့် ပါတီဝင်အသစ် စုစုပေါင်း နှစ်သောင်းကျော် ရှိနေပြီဖြစ်ကြောင်း ဒေါက်တာတူးဂျာက ပြောသည်။

ပါတီဝင်များသည် ရှမ်းနီ၊ ရှမ်း၊ ဗမာ၊ ရခိုင်၊ ဂတူးဂနန်း စသည့် တိုင်းရင်းသားများနှင့် ကချင်မျိုးနွယ် ၆ ခုမှ မျိုးနွယ်စုများ ပါဝင်ကာ ကချင်ပြည်နယ်တွင်းရှိ မြို့နယ် အားလုံးတွင် ပါတီရုံးခွဲများ ဆိုင်းဘုတ်တင် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ဥပဒေအရ ပြည်နယ်အတွင်း လှုပ်ရှားမည့် ပါတီအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ အနည်းဆုံး ပါတီဝင်ဦးရေ ၅၀၀ ၏ စာရင်းကို ပေးပို့ရမည်ဖြစ်ပြီး အနည်းဆုံး ပါတီဝင်ဦးရေ ၁၀၀၀ ပေးပို့နိုင်ပါက တစ်နိုင်ငံလုံး အတိုင်းအတာ လှုပ်ရှားနိုင်မည် ဖြစ်သည်။

ကချင်ပြည်နယ်ပြည်သူ့ပါတီအနေဖြင့် ပြည်နယ်အတွင်းလှုပ်ရှားမှုကို အဓိကထားပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပါတီဝင် ဦးရေ ၇၀၀ ခန့်တင်ထားပြီး ဖြစ်ကြောင်းလည်း ဒေါက်တာတူးဂျာက ပြောသည်။


"ကချင်ပြည်နယ်မှာ ရုံးတွေအားလုံးတော့ ဖွင့်ထားပြီးပါပြီ၊ တခြားတိုင်းနှင့်ပြည်နယ်တော့ ခြေလမ်းမလှမ်းသေးဘူး။ နောက်ရွေးကောက်ပွဲကာလကျမှပဲ ဒါတွေကို စဉ်းစားသွားမယ်" ဟု ဒေါက်တာတူးဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကချင်ပြည်နယ် ပြည်သူ့ပါတီကို ၃ ပါတီ ပူးပေါင်းထားရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့က ဒေါ်ဘောက်ဂျာနှင့် ဦးစီစီနော်ဂျာတို့ ဦးဆောင်သည့် ပြည်ထောင်စု တိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ (UNFDP)က ထပ်မံပူးပေါင်းလာခြင်း ဖြစ်သည်။

ကချင်ပြည်နယ် ပြည်သူ့ပါတီ(KSPP)၏ ဆိုင်းဘုတ်တင် ဗဟိုရုံးချုပ်ဖွင့်ပွဲကို ပြီးခဲ့သည့် ဇွန်လက ကျင်းပခဲ့ပြီး၊ ဇူလိုင်လတွင်လည်း ပါတီသစ်ကြိုဆိုပွဲ၊ ဆုတောင်းပွဲကို စီတာပူ မနောင်ကွင်းတွင် ပြုလုပ်ခဲ့သည်။ ■

Salai

# ကောင်းမှုလုံ့ရွှေဆတ်မင်း စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်ကြီးကို စည်းကားသိုက်မြိုက်စွာ ကျင်းပ



ဖေဖော်ဝါရီ ၁၁

ကောင်းမှုလုံ့ ရွှေဆတ်မင်း စေတီတော်မြတ်ကြီး တည်ထားမှု ၂၃၂၀ ပြည့်နှစ် ဗုဒ္ဓပူဇနီယ ပူဇော်ပွဲတော်ကြီးကို ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်တွင် ဖေဖော်ဝါရီ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

ပွဲတော်ကြီးကို မြန်မာနိုင်ငံမှ ခန္တီးရှမ်းတိုင်းရင်းသားများနှင့် အိန္ဒိယနိုင်ငံမှ ခန္တီးရှမ်း အာရိုနာချာပြည်နယ် ရှမ်းရေးရာဝန်ကြီးများ၊ ထိုင်းနိုင်ငံမှ ရှမ်းတိုင်းရင်းသားများ အပါအဝင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ဦးရေ ၇၀၀ ဝန်းကျင်တို့က တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပျော်ပွဲရွှင်ပွဲ အနေဖြင့် လှေလှော်ပြိုင်ပွဲ၊ ဆင်အပြေးပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ စသည့် ပြိုင်ပွဲများ ပြုလုပ်ခဲ့ပြီး ရိုးရာမီးပြာသာဒ် ပူဇော်ပွဲ၊ ပျောက် ကွယ်လုနီးပါး ဖြစ်သည့် ခမ်းတီး ရိုးရာ မြေဝိုင်းအက၊ ရိုးရာယဉ်ကျေးမှုပြခန်းနှင့် ရှေးဟောင်းပစ္စည်း ပြခန်းများကို ပြသခဲ့ကြသည်။

အဆိုပါ ဘုရားပွဲတော်ကြီးကို ကောင်းမှုလုံ့ဂေါပကအဖွဲ့နှင့် ရှမ်းတိုင်းရင်းသားများမှ လှူဒါန်းငွေဖြင့် ပြုလုပ်ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ယင်း ဘုရားပွဲတော်ကြီးသို့ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားဝန်ကြီး ဦးခင်မော်မြင့်၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း တို့လည်း တက်ရောက်ခဲ့ကြသည်။ ■

အောင်ခမ်း(ပူတာအို)

# အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် Bilateral လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးနေခြင်းမှာပင် အဆင်မပြေသေးသည့်အတွက် NCA လက်မှတ်ရေးထိုးရန် မဖြစ်နိုင်သေးကြောင်း KIO ပြော



ဖေဖော်ဝါရီ ၁၁

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရန်အတွက် မဖြစ်နိုင်သေးကြောင်း ကေအိုင်အို/ကေအိုင်အေအဖွဲ့မှ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

"ကျွန်တော်တို့ အဖွဲ့က NCAထိုးဖို့အဆင်သင့်မဖြစ်သေးပါဘူး။ ခု Bilateral အပစ်အခတ်ရပ်စဲရေးထိုးဖို့ ဆွေးနွေးနေတာတောင်မှ ခု အဆင်မပြေသေးတဲ့အတွက် NCA ဆိုတာကတော့ ခုလောလောဆယ် အဆင်ပြေမှာတော့ မဟုတ်ဘူး" ဟု ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကေအိုင်အို/ကေအိုင်အေ ပါဝင်သည့် တိုင်းရင်းသား လက်နက်ကိုင် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့နှင့် အစိုးရအဖွဲ့တို့သည် ဖေဖော်ဝါရီလလလယ်ပိုင်းတွင် တရုတ်နိုင်ငံ ကူမင်းမြို့တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသော်လည်း အစီအစဉ်နှင့် ပတ်သက်သည့် အကြောင်းပြန်ကြားမှု တစ်စုံတစ်ရာမရှိသေးကြောင်း ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG) မှ တာဝန်ရှိသူ ဦးလမိုင်ဂွန်ဂျာက ပြောသည်။

"ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် တရုတ်မှာတွေ့ဖို့အတွက် အဆင်မပြေဘူးထင်တယ်၊ သူတို့ဘက်ကလည်း ဘာမှအကြောင်းကြားလာတာ မရှိသေးဘူး။ ဗိုင်းရပ်စ် အခြေအနေမကောင်းရင်တော့ နည်းနည်းတော့ကြာဦးမယ် ထင်တယ်"ဟု ဦးလမိုင်ဂွန်ဂျာက ဆိုသည်။

ကူမင်းမြို့တွင် ပြုလုပ်မည့်တွေ့ဆုံပွဲကိုဖေဖော်ဝါရီလ ၁၂ ရက်နေ့နှင့် ၁၅ ရက်ကြား ပြည်ထောင်စုနေ့နောက်ပိုင်းတွင် တွေ့ဆုံရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ထပ်မံတွေ့ဆုံမည့်အပေါ် ကေအိုင်အို/ကေအိုင်အေအဖွဲ့မှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းက "အခုလောလောဆယ်ဘာမှ မသိရသေးပါဘူး၊ သူတို့ဖက်ကလည်း အတည်မပြုဘူး၊ ကျွန်တော်တို့ဖက်ကနေလည်း ဘာမှအတည်ပြုဖို့ မလုပ်ရသေးဘူး ဆိုတော့ နဂိုပြောဆွေးနွေးထား၊ ပြောတဲ့အတိုင်းပဲဖြစ်မှာပါ ခုလောလောဆယ်တော့ဘာမှ အပြောင်းအလဲ မရှိသေးဘူး" ဟု ၎င်းကပြောသည်။

မြောက်ပိုင်း မဟာမိတ်အဖွဲ့ ၄ ဖွဲ့နှင့် အစိုးရဖက်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC)နှင့် ငြိမ်းချမ်းရေးကော်မရှင် (PC)တို့သည့် ပြီးခဲ့သည့် စက်တင်ဘာ ၁၇ ရက်နေ့က ကျိုင်းတုံမြို့တွင် နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့ကြပြီးနောက် အောက်တိုဘာလအတွင်း သီတင်းကျွတ်နောက်ပိုင်းမှ တွေ့ဆုံရန် သဘောတူခဲ့ကြပြီး ယခုအချိန်ထိ ကြန့်ကြာနေခြင်း ဖြစ်သည်။

ကျိုင်းတုံ တွေ့ဆုံဆွေးနွေးပွဲတွင် Bilateral အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် ဆက်လက်ညှိနှိုင်းမည့် အချက် ၇ ချက်ကို သဘောတူညီခဲ့ကြသည်။

မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့ ၄ ဖွဲ့ ဖြစ်သည့် ကချင်လွတ်မြောက်ရေးတပ်မတော် ( KIA)၊ ရခိုင်တပ်မတော် (AA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်တပ်ဦး (ကိုးကန့်လက်နက်ကိုင်အဖွဲ့ (MNDAA)) တို့နှင့် အစိုးရအဖွဲ့တို့သည် အပစ်ရပ်စဲရေး ဆောင်ရွက်ရန်အတွက် ၄ ကြိမ်တွေ့ဆုံခဲ့ကြပြီး ဖြစ်သည်။ ■

Salai

# ဝူဟန်ကိုရိုနာဗိုင်းရပ်ကြောင့် မြန်မာ့ကျောက်စိမ်းဈေးကွက် သုံးလထက်မနည်း ဈေးကွက်အေးနေနိုင်

ဖေဖော်ဝါရီ ၁၀

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ခဲ့သည့် ကိုရိုနာဗိုင်းရပ် ကူးစက်မှုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ၏ ကျောက်စိမ်းဈေးကွက်တွင် ကြီးကြီးမားမား ထိခိုက်လာနိုင်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သူရက ပြောသည်။

မြန်မာနိုင်ငံမှ ကျောက်စိမ်းသည် တရုတ်နိုင်ငံ ဝယ်လက်များကိုသာ အဓိကထားရောင်းချနေရခြင်း ဖြစ်သည်။ ကိုရိုနာဗိုင်းရက်စ်ကြောင့် မြန်မာနိုင်ငံအတွင်းသို့တရုတ်နိုင်ငံသားအဝင်/အထွက် ပိတ်ထားရာ ကျောက်စိမ်း အရောင်းအဝယ်များ ၃ လခန့် အေးသွားနိုင်ကြောင်း ၎င်းက ဆိုသည်။

"တရုတ်ပြည်နဲ့ မြန်မာပြည်နဲ့ပြေးဆွဲတဲ့ လေကြောင်း လိုင်းတွေကိုလည်း ပိတ်လိုက်ပြီ၊ တရုတ်နိုင်ငံမှာရှိတဲ့ ကျောက်စိမ်းဈေးကွက်အကြီးဆုံး ဖြစ်ထွန်းတဲ့ ကွမ်းဂျိုး၊ ဖျင်းဂျိုး၊ ကျယ်ယန်၊ စစ်ဝှေ့မြို့တွေက ကျောက်စိမ်းဈေးတွေ အကုန်ပိတ်ထားပြီ။ မြန်မာပြည်ကို ဘယ်တရုတ်ကုန်သည်မှ လာဖို့ မဖြစ်နိုင်တော့ဘူး" ဟု ဒုဥက္ကဋ္ဌက ဆိုသည်။

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ခရီးသွားလာခွင့်၊ စက်ရုံ၊ အလုပ်ရုံနှင့် ဈေးများ ကုန်တိုက်များကို တရုတ်အစိုးရက ပိတ်ထားခဲ့သည်။

"ကျောက်စိမ်း ဈေးတန်းတွေ ပိတ်ထားပြီးတော့ ကျွန်တော်တို့ ဟိုတယ်မှာပဲ နေနေရတာ ၂ ပတ်လောက် ရှိနေပြီ။ ဘယ်မှသွားလို့ မရဘူး။ နောက်ထပ် ၁၆ ရက်အထိ သွားလာခွင့် ပိတ်ထားတယ်"ဟု တရုတ်နိုင်ငံ ရင်ကျန်းမြို့တွင် ကျောက်စိမ်း အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်နေသည့် ဦးအားစီက ပြောသည်။

မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံ ဖြစ်သော တရုတ်နိုင်ငံ၏ လက်ရှိအခြေအနေကြောင့် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအရ ထိခိုက်မှုများစွာ ရှိနေသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် ကျောက်စိမ်းဝယ်လက် အများဆုံးဖြစ်သည့်အတွက် ကျောက်စိမ်းဈေးကွက်သည် အခြားကုန်စည်များထက် ပိုမိုအေးစက်သွားနိုင်ကြောင်း ကျောက်စိမ်းကုန်သည်များက ခန့်မှန်းထားသည်။

လတ်တလော အခြေအနေများကြောင့် ကျောက်စိမ်းဈေးကွက် အေးစက်နေသော်လည်း ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နေမည်ဖြစ်ကြောင်းမြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်သူရက ဆိုသည်။

တရားမဝင် လမ်းကြောင်းများမှ တရုတ်ကုန်သည်များ ဝင်ရောက်မှုများ ဝင်ရောက်လာနိုင်မှုနှင့် ပတ်သက်ပြီး ၎င်းက -"ဒါတွေကတော့ အစိုးရနဲ့ပဲ ဆိုင်မယ်ထင်ပါတယ်။ ဒီလို ကူးစက်ရောဂါ ဖြစ်ပွားနေချိန်မှာ တရားမဝင် နည်းလမ်းနဲ့ ရောက်လာပြီး ရောင်းဝယ်တာလုပ်ရင် ကျနော်တို့ကတော့ လက်မခံနိုင်ပါဘူး၊ ပြည်သူကလည်း လက်ခံမှာ မဟုတ်ပါဘူး"ဟု ဆိုသည်။

လက်ရှိအချိန်တွင် ဖားကန့်မြို့နယ်အတွင်းကျောက်စိမ်းအရောင်းအဝယ် အေးစက်လျက်ရှိပြီး တစ်နိုင်တစ်ပိုင် အရောင်းအဝယ် ပြုလုပ်နေသူများ အခက်တွေ့နေကြောင်း သိရသည်။ ■

ဇော်မိုးထက်(ဖားကန့်)

# ကြက်ဆူပင်စိုက်ပျိုးရန် သိမ်းယူထားသောမြေများကို

## ပြန်လည် လုပ်ကိုင်ခွင့်ပေးရန် ဒေသခံတောင်သူများတောင်းဆို

ဖေဖော်ဝါရီ ၇

မြစ်ကြီးနားမြို့၊ နန်ကျင် ကျေးရွာအုပ်စု ဒင်ဂလို ကျေးရွာမှစိုက်ပျိုးမြေများကို ၂၀၀၆-၂၀၀၇ ခုနှစ်ကကြက်ဆူပင်စီမံကိန်းဖြင့် ဥပဒေမဲ့ သိမ်းဆည်းခဲ့သော ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ရပ်ကို ဖော်ထုတ်အရေးယူပေးရန်နှင့် တောင်သူများကို မြေယာ ပြန်လည်လုပ်ကိုင်ခွင့်ပြုပေးရန်အတွက် ဒေသခံ တောင်သူများက တောင်းဆိုလိုက်သည်။

အထက်ပါ တောင်းဆိုချက် ၂ချက် ပါဝင်သည့် တိုင်စာကို မူလပိုင်ရှင်ဖြစ်သည့် တောင်သူလယ်သမားများက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံမှုများ ပြန်လည် စီစစ်ရေးဗဟိုကော်မတီထံ ဖေဖော်ဝါရီလ ၆ ရက်နေ့က စာပေးပို့တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

"ကျွန်မတို့က ဝေးတဲ့နေရာမှာမြေရှိပေမယ့် ပိုက်ဆံမရှိဘူးဆိုတော့ သွားမလုပ်နိုင်ဘူး။ အသက်လည်းကြီးပြီ။ ဒါကြောင့် အဲဒီမြေပဲမရရအောင် ပြန်လျှောက်နေတာပါ"ဟု တောင်သူ ၂၃ ဦးကို ကိုယ်စားပြုသည့် တောင်သူ ခေါင်းဆောင် ဒေါ်ယိန်းလွင်က ပြောသည်။

မူလပိုင်ရှင် တောင်သူ ၂၃ ဦးမှ စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေ စုစုပေါင်း ၁၁၂ ဧကကိုပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများက ၂၀၀၆ - ၂၀၀၇ ခုနှစ်တွင် နိုင်ငံတော် စီမံကိန်းဖြင့် ကြက်ဆူပင်စိုက်ပျိုးရန် သိမ်းယူခဲ့ကြခြင်း ဖြစ်သည်။

ကြက်ဆူစီမံကိန်း မအောင်မြင်ပါက တောင်သူများကို မြေများပြန်လည်ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် အောင်မြင်ပါက မြေနစ်နာကြေး ပေးသွားမည်ဟု နှုတ်ကတိ ပေးခဲ့သော်လည်း ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးက "တပ်မတော် အစိုးရအမိန့် အခုချက်ချင်း ထွက်ရမည် မထွက်ပါက ဖမ်းဆီးထောင်ချမည်"ဟု ခြိမ်းခြောက်မောင်းထုတ်ကာ သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း တောင်သူများ၏ တင်ပြစာအရ သိရသည်။

"အဲဒီတုန်းက သူတို့နိုင်ငံတော်စီမံကိန်းဖြစ်လို့ မထွက်မနေရ လာပြောတော့ ကြောက်ပြီး ထွက်ခဲ့ရတာ။ ဒါပေမဲ့ အခုထိကြက်ဆူ တစ်ပင်မှမစိုက်ဘဲနဲ့ အကွက်ချပြီး ရောင်းစားထားတယ်" ဟု တောင်သူ ဒေါ်ကျန်းဝင်းက ဆိုသည်။

ယခုအချိန်တွင် သိမ်းဆည်းထားသည့် လယ်ယာမြေများကို လ/န (၃၉) မြေစာရင်းပုံစံ (၁၀၅) လယ်ယာမြေလုပ်ကိုင်ခွင့်ရက်မှတ်ပုံစံ (၇)တို့ပြုလုပ်ကာ အကွက်ချရောင်းစားထားကြကြောင်း တောင်သူများက ဆိုသည်။

ဒေသခံ တောင်သူများမှ တပ်မတော်မှ မြေယာသိမ်းဆည်းခြင်း ရှိမရှိသိရှိစေရန် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးထံ အကူအညီတောင်းခံစာ ပေးပို့ခဲ့ရာ ၂၀၁၉ ခုနှစ် မေလ ၂၁ ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးမှ တာဝန်ပေးသူ ဗိုလ်မှူးကြီးဝင်းနိုင်ထွန်းက တပ်မတော်နှင့် တပ်ရင်းတပ်ဖွဲ့များက မြေသိမ်းဆည်းထားခြင်း မရှိကြောင်း ရှင်းလင်း ပြောကြားခဲ့သည်ဟု တောင်သူများက ပြောသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ သိမ်းဆည်းခံမြေ ၁၁၂ ဧကကို ပြန်လည်ရရှိရန်အတွက် ကူညီဖြေရှင်းပေးရန် အတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည် စိစစ်ရေးဗဟိုကော်မတီထံ ထပ်မံ၍ တင်ပြစာ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# နန့်ဝါကြိုးဝိုင်းအတွင်းရှိ မြေယာများ ပြန်လည်ခွဲဝေပေးရာတွင်

## လမြန်ကျေးရွာရှိ တောင်သူ ၇ ဦး ကျန်ရှိနေ

ဖေဖော်ဝါရီ ၅

ဝိုင်းမော်မြို့နယ်၊ နန့်ဝါကြိုးဝိုင်းအတွင်းရှိ မြေယာများကို သစ်တောဦးစီးဌာနက ဒေသခံတောင်သူများကို ပြန်လည်ခွဲဝေပေးမည့် စာရင်းတွင် လမြန်ကျေးရွာရှိ တောင်သူ၇ဦးပါဝင်ခြင်းမရှိသည့်အတွက်၊ ယင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားစေလိုကြောင်း တောင်သူများမှ ပြောသည်။

ဝိုင်းမော်မြို့နယ် အတွင်းရှိလမြန်ကျေးရွာ၊ မုတ်ကြိတ်ကျေးရွာနှင့် နန့်ဝါကျေးရွာတို့သည် နန့်ဝါသစ်တောကြိုးဝိုင်းအတွင်း ပါဝင်လျက်ရှိကာ တစ်သျှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်ရန် ကျေးရွာသားတို့၏ လက်ငုပ်လက်ရင်း တောင်သူများထံမှ မြေသိမ်းယူထားခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်က အဆိုပါ ကျေးရွာသုံးရွာကို သစ်တောကြိုးဝိုင်းမှ ဖယ်ထုတ်ပြီး ရွာမြေ သတ်မှတ်ပေးရန် လယ်ယာမြေ ပြန်လည်ရရှိနိုင်ရေးအတွက် တောင်သူ ၁၃၆ ဦးက ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဒေသခံတောင်သူများ ဆန္ဒထုတ်ဖော်ပြီးနောက် ၂၀၁၉ ခုနှစ်တွင် သစ်တောဦးစီးဌာနက သစ်တောမြေများကို ပြန်လည်အပ်နှံရန် စေခိုင်းချက်အရ တစ်သျှူးငှက်ပျောစိုက်ပျိုးသူက ပြန်လည်အပ်နှံခဲ့ကာ၊ ၎င်းမြေများကို မူလတောင်သူများထံသို့ သစ်တောဦးစီးဌာနက ပြန်လည်ခွဲဝေပေးရန် စီစဉ်နေခြင်းဖြစ်သည်။

"လမ်းလျှောက်ဆန္ဒပြတဲ့ အထဲမှာ ကျွန်မတို့ မပါခဲ့ပေမယ့်၊ ကျွန်မတို့လည်း လိုချင်တယ်။ ရောင်းစားခဲ့တဲ့ သူနဲ့အရင်ကဘာမှလုပ်ကိုင်ခဲ့တာမရှိတဲ့ သူတွေကို တောင်ပေးတာ အမှန်တကယ်လုပ်ကိုင်ခဲ့တဲ့ကျွန်မတို့ကိုလည်း ပေးစေချင်ပါတယ်"ဟု လက်ငုတ်လက်ရင်းတောင်သူ၇ဦးကိုယ်စား ဒေါ်လငွေဒေါင်ညွယ်က ပြောသည်။

မြို့နယ် သစ်တောဦးစီးမှူးက ဆန္ဒထုတ်ဖော်ခဲ့ကြရာ၌ ပါဝင်ခဲ့ကြသည့် တောင်သူ၁၃၆ဦးထဲမှလက်ငုတ်လက်ရင်းတောင်သူ၇ဦးကို တစ်ဦးလျှင် ၂ဧကခွဲ နှုန်းဖြင့်လည်းကောင်း၊ ကျန်တောင်သူ ၁၂၉ ဦးကို ၂ဧက နှုန်းဖြင့် လည်းကောင်း ခွဲဝေပေးရန် စီစဉ်ထားရာ ဆန္ဒပြတောင်သူ ၁၃၆ ဦး စာရင်းထဲ၌မပါရှိသည့်လက်ရင်းလက်ငုတ် တောင်သူ ၇ ဦးကျန်ခဲ့ခြင်း ဖြစ်သည်။

၎င်းတောင်သူ ၇ ဦးမှာ လနော့ခေါင်စိုင်း၊ လငွေဒေါင်ညွယ်၊ ကျိုရှင်ဒိုင်ညွယ်၊ လဘောက်ဘောမ်ကျန်း၊ ဖော်ယမ်တန်ဂွန်၊ ရှောင်ဝါဒေါင်လွမ်းနှင့် ဂျွန်ယူဒေါင်ညွယ်တို့ ဖြစ်ကြသည်။

"အမှန်တကယ်ဆိုရင် ဆန္ဒပြတောင်သူ ၁၃၆ ဦးထဲမှာ တစ်သျှူးငှက်ပျောစိုက်ဖို့ ရောင်းစားခဲ့တဲ့ တောင်သူတွေနဲ့ မြေပိုင်ဆိုင်မှုမရှိတဲ့ ဒေသခံတွေလည်း ပါတယ်။ သူတို့ကိုတောင် ပေးမယ်ဆိုရင်တော့ အရင်က အမှန်တကယ်လုပ်ကိုင်ခဲ့တဲ့ လက်ငုတ်လက်ရင်း တောင်သူ ၇ ဦးကလည်း ရချင်မှာပေါ့"ဟု ဆန္ဒပြတောင်သူများစာရင်းတွင်ပါရှိသည့် တောင်သူ ဒေါ်လနန်ဇယ်နန်က ပြောသည်။

အဆိုပါ တောင်သူများ အနေဖြင့် ယင်းမြေများကို ပြန်လည် တောင်းခံနေရသည်မှာလည်း၊ အခြားနေရာများ၌ သွားရောက်လုပ်ကိုင်နိုင်ခြင်း မရှိသည့်အတွက်ကြောင့်နှင့် အသက်အရွယ်ကြီးရင့်ပြီ ဖြစ်သည့်အတွက် မိသားစုနှင့် နီးသည့်နေရာတွင်သာ လယ်ယာမြေများကို လုပ်ကိုင်လိုသည့်အတွက် ပြန်လည်တောင်းခံရခြင်း ဖြစ်ကြောင်းလည်း သိရသည်။ ■

မွန်းမွန်းပန်





## အသိပေးကြေညာချက်

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နယ်မြေ(၅) တွင်နေထိုင်သော
အဘ(ဦးမရူနော်)၏ သမီးဖြစ်သူ မရီရီဇော်
မှတ်ပုံတင်အမှတ်၇/ရတရ(နိုင်)၁၀၉၇၂၆ ကိုင်ဆောင်ထားသူမှာ
၎င်း၏ခင်ပွန်း၊သားသမီးများနှင့်မိဘဆွေမျိုးများအား အသိပေးညှိနှိုင်း
တိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ မိမိသဘောဖြင့် လုပ်ငန်းကိစ္စရပ်များ
ဖော်ဆောင်လုပ်ကိုင်နေခြင်းကြောင့် သူမနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာ
ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက ခင်ပွန်းသည်နှင့်သားသမီးများမှ
တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းအသိပေးအပ်ပါသည်။

ခင်ပွန်းနှင့်သားသမီးများ

မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
ဘရန်မိုင်

ဦးဆောင်ညွှန်ကြားရေးမှူး
ဇော်ခွန်း

အယ်ဒီတာချုပ်
ဆိုင်းမိုင်

တာဝန်ခံ အယ်ဒီတာ
အောင်မျိုးဦး

အယ်ဒီတာ
Salai၊ စည်သူ

TV&Radio အယ်ဒီတာ
အက်စတာ

သတင်းထောက်ချုပ်
မွန်းမွန်းပန်

သတင်းထောက်
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)၊ ဂျာဒွဲရာ

နယ်သတင်းထောက်
သန်းထွန်းအောင်

ဗွီဒီယို တည်းဖြတ်
ဇင်မင်း

စာပြင်
မြတ်သွေးထက်

ကွန်ပျူတာစာစီစာရိုက်
ဝဝဝဝ

Website
La Tawng

ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
La Tawng, Seng Lawt Awng

မြစ်ကြီးနားရုံးတာဝန်ခံ
နီနီထက်နိုင်

ငွေကိုင် ၊ စာရင်းကိုင်
နန်အောင် ၊ ဘောက်ဂျာ

Researcher & Advertorial
ဆိုင်းတူး

စီးပွားရေးတာဝန်ခံ
အိဇင်ဖြိုး၊ ဂျာစင်

ဖြန့်ချိရေးတာဝန်ခံ
ဆွတ်နောင်တူး

တန်ဖိုး
၈၀၀ ကျပ်

ဖလင်
KING

ထုတ်ဝေသူ
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၇၁)

ဆက်သွယ်ရန်
အမှတ်(၅၈)၊ လမ်းသွယ် (၁)၊
စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၅၉၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်၏
တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင်
ဖော်ပြပါရှိသော သတင်းများအတွက်
ငွေကြေးသော်လည်းကောင်း၊
တံစိုးလက်ဆောင်သော်လည်းကောင်း၊
လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ
မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ်
ရင်ထိုးတပ်ဆင်ထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်
သတင်းထောက်ဖြစ်ပါသည်။

# တောင်ကိုရီးယားနိုင်ငံလုပ် လေအိတ်ရထားများဖြင့်

## မြစ်ကြီးနား–မန္တလေး စတင်ပြေးဆွဲမည်



ဖေဖော်ဝါရီ ၇

တောင်ကိုရီးယားနိုင်ငံထုတ် လေအေးပေးစက်ပါ လေအိတ်ရထားကို မြစ်ကြီးနား - မန္တလေး ရထားလမ်းပိုင်းတွင် မတ်လ လဆန်းပိုင်းမှ စတင်ပြေးဆွဲရန် စီစဉ်နေကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ရုံးမှ သိရသည်။

အဆိုပါ လေအိတ်ရထားကို ကိုးရီးယား EDCF နိုင်ငံခြားချေးငွေဖြင့် ဝယ်ယူထားခြင်းဖြစ်ပြီး အထက်တန်းတွဲ ၁၀ တွဲ၊ စားသောက်တွဲ ၁ တွဲနှင့် ဘရိတ်တွဲ ၁ တွဲပါဝင်ကာ အထက်တန်း ၁ တွဲလျှင် ၃၃ ဦးစီးနင်းနိုင်ကြောင်း သိရသည်။

လက်မှတ်နှုန်းထားများ၊ ရထားပြေးဆွဲမည့် အချိန်စာရင်းများ၊ ရပ်နားမည့် ဘူတာများကို မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်မှ သတ်မှတ်ပေးမည် ဖြစ်ကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ချုပ် ဦးခင်သော်က ပြောသည်။

"ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ မတ်လ ဆန်းပိုင်းမှာတော့ သေချာပေါက် ပြေးဆွဲတော့မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိမြန်မာ့မီးရထားမှ ပြေးဆွဲနေသည့် ရထားများထက် ပိုမိုအဆင့်မြင့် သက်တောင့်သက်သာ ဖြစ်မည့် ကိုးရီးယားလေအိတ်ရထားကို ခရီးသွားမိဘပြည်သူများ အနေဖြင့် မြန်မာ့မီးရထားမှ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာစီးနင်းရန် လိုအပ်ကြောင်း ဦးခင်သော်က ဆက်လက်ပြောသည်။

"ကျွန်တော်တို့ ဒေသမှာဆိုရင် အနံ့ထွက်တဲ့ ကုန်ပစ္စည်းဖြစ်တဲ့ တညင်းသီး လိုဟာမျိုးတွေကို သယ်လို့မရတော့ဘူး"ဟု ၎င်းက ပြောသည်။

လတ်တလောတွင် မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းကို မြစ်ကြီးနားဘူတာမှ မနက် ၈နာရီ ၁၅ မိနစ်တွင်ထွက်သည့် အမှတ်(၅၆)အစုန် အထူးအမြန်ရထား၊ ၈ နာရီ ၄၅မိနစ်တွင် အမှတ်(၄၂)တွင် ဒုတိယအမြန်ရထား၊ နေ့လည် ၁၂နာရီ ၄၅မိနစ်တွင် လေအိတ်ရထားနှင့် ညနေ ၄ နာရီတွင် အမှတ်(၅၈) မန္တလာရထားတို့ဖြင့် ပြေးဆွဲလျက် ရှိသည်။ ■

မျိုးမြတ်မြတ်ပန်

# တနိုင်းဒေသတွင် ရွှေ၊ ပယင်း

## အသေးစားလုပ်ကွက်များ ချပေးရန် ဒေသခံများတောင်းဆို




ဖေဖော်ဝါရီ ၁၀

တနိုင်းမြို့နယ်အတွင်းရှိ ရွှေနှင့်ပယင်း ထွက်ရှိရာဒေသများဖြစ်ကြသော နန်ဗျူ၊ ညောင်ပင်ကုန်းနှင့် တုံမဏီရွာ စသည့် ကျေးရွာ ၃ ရွာတွင် အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များကို ချထားပေးရန် ပြည်သူများက တောင်းဆိုနေကြောင်း သိရသည်။

အဆိုပါ တောင်းဆိုမှုနှင့် စပ်လျဉ်းပြီး တနိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးက နေပြည်တော်ရှိ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ပူးပေါင်းကူညီဆောင်ရွက်ပေးရန်အတွက် မေတ္တာရပ်ခံစာကိုတင်ပြပေးပို့ထားကြောင်း သိရသည်။

"ကျွန်တော်ကို ပြည်သူတွေ ပြောတာက ကြာပြီ။ လွှတ်တော်မှာလည်း ခဏခဏ တင်ပြခဲ့ဖူးတယ်။ ဒါပေမဲ့ အခုချိန်ထိဘာမှ လုပ်ပေးတာမရှိသေးဘူး။ ဒါကြောင့် တပ်မတော်ကို တင်ပြရတာဖြစ်တယ်။ တပ်ကို တင်ပြထားတာလည်းခု ချိန်ထိတော့ ဘာမှမထူးသေးဘူး" ဟု တနိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးက ပြောသည်။

လုပ်ကွက်များ တောင်းဆိုရခြင်းမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့တို့အနေဖြင့် နိုင်ငံတော်သယံဇာတ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်မြေများသည် တပ်မတော်မှ နယ်မြေရှင်းလင်းရေးကို ဆောင်ရွက်ပြီး၊ ၂ နှစ်နီးပါး နယ်မြေလုံခြုံရေး စိုးမိုးထားသည့် မြေများဖြစ်သည့်အတွက်၊ ထိုသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ တောင်းဆိုရခြင်းဖြစ်ကြောင်း သိရသည်။

တပ်မတော်မှ နယ်မြေလုံခြုံရေး ရယူထားသည့် ကျေးရွာများ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော တနိုင်းမြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက် ရှိနေကြောင်းလည်း သိရသည်။

တင်ပြစာမိတ္တူကို ပြည်ထောင်စုဝန်ကြီး၊ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံလည်း ပေးပို့ထားကြောင်း သိရသည်။ ■

မွန်းမွန်းပန်





**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့**

**ပြည်နယ်တွင်း သစ်အခြေခံအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ(MSMEs)သို့**
**(သတ–ဖ) ကျွန်း/သစ်မာ သစ်လုံး/ ခွဲသား/ ကျွန်းတိုင် /**
**(သာမန်) ကျွန်းပင်ကြွပ်များအားဒေသအိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချခြင်း**
**ဒေသအိတ်ဖွင့် လေလံကြော်ငြာအမှတ်– ၀၃/၂၀၁၉–၂၀၂၀(MSMEs)**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြစ်ကြီးနားသစ်ထုတ်ရေးဒေသ၊ တပ်ကုန်းသစ်ဆိပ်၊ ဗန်းမော်သစ်ထုတ်ရေးဒေသ၊ အမှတ်(၇၉)သစ်စက်ဝင်း၊ သစ်တောဘိနယ်ရုံးဝင်း၊ ခုံခမ်းသစ်ထုတ်ရေးရုံးဝင်း၊ ရွှေကူနယ်သစ်ထုတ်ရေးရုံးဝင်း၊ ဗန်းမော်သစ်ထုတ်ရေးရုံးဝင်းနှင့်မံစီမြို့မပျိုးဥယျာဉ်တို့ရှိ (သတ–ဖ) ကျွန်း/သစ်မာ သစ်လုံး/ ခွဲသား/ တိုင်/ (သာမန်)ကျွန်းပင်ကြွပ်များကို အောက်ဖော်ပြပါအတိုင်း(MSMEs) ပြည်နယ်တွင်း ဒေသအိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့် အချိန် - ၂၅–၂–၂၀၂၀ရက်(အင်္ဂါနေ့)နံနက်(၁၀:၀၀)နာရီ

(ခ) ရောင်းချမည့်အမျိုးအစားနှင့် တန် - (သတ–ဖ) ကျွန်း/သစ်မာ သစ်လုံး/ ခွဲသား/ ကျွန်းတိုင်/ (သာမန်) ကျွန်းပင်ကြွပ် (၁၈၂.၄၉၄) တန်

(ဂ)ရောင်းချမည့်နေရာ - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ ဒေသအိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်းပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ၊ မန်နေဂျာရုံး၊ မြစ်ကြီးနားမြို့ (ဖုန်းနံပါတ်– ၀၇၄၂၅၂၂၃၅၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်နယ်တွင်းဒေသအိတ်ဖွင့်လေလံရောင်းချရေးကော်မတီ
မြန်မာ့သစ်လုပ်ငန်း
ကချင်ပြည်နယ်

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၁၄၊ ၂၀၂၀)




**တုတ်ထိုး** - ကျွတ်. . ကျွတ်. . ကျွတ်။
**အိုးပေါက်** - တကျွတ်ကျွတ်နဲ့ ခါးတွေနာနေတာလား။

**တုတ်ထိုး** - ဘယ်က ခါးနာရမှာတုန်း။ ကမ္ဘာကြီးအတွက် စုတ်သပ်နေတာ။ ကိုရိုနာဗိုင်းရပ်စ်ကပ်ဆိုးတွေကနေ ကမ္ဘာကြီး လွတ်မြောက်နိုင်ပ့ါမလားလို့ စိုးရိမ်နေမိတာပါဗျာ။ ကမ္ဘာကြီး နာဖျားနေတာအတွက် စိုးရိမ်နေမိသလို ကိုယ့်မြန်မာအတွက်လည်း စိုးထိတ်နေရတာပါပဲ။
**အိုးပေါက်** - ဒီကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်-မြန်မာ ဆက်ဆံရေး ဘာတွေဖြစ်နိုင်မလဲဗျ။

**တုတ်ထိုး** - ယုတ်စွအဆုံးဗျာ။ ကမ္ဘာကြီးတစ်ခုလုံးသာ ကိုရိုနာဗိုင်းရပ်စ်ပျံ့သွားလို့ တရုတ်နဲ့ အဆက်အဆံလုပ်ချင်မှ လုပ်မယ်။ တရုတ်-မြန်မာ ဆက်ဆံရေးကတော့ ရှေးကထက် ပိုချစ်ကြသည်ဆိုတာမျိုး ဖြစ်နေဦးမှာပါပဲ။
**အိုးပေါက်** - ဗျာ။ အဲ့ဒီလောက်တောင်လား။

**တုတ်ထိုး** - ဒီ့ထက်တောင် ပိုသေး။
**အိုးပေါက်** - မှတ်တောင် ထားရဦးမယ်။

**တုတ်ထိုး** - ခင်ဗျားစဉ်းစားကြည့်။ မြန်မာနိုင်ငံအတွင်းမှာ တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးရှိတယ်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းတွေ ရှိသေးတယ်။ ပြီးတော့ ရန်ကုန်မြို့သစ်စီမံကိန်းလိုဟာမျိုးတွေ ရှိဦးမယ်။ ဟိုလိုလို ဒီလိုလို မပြီးပြတ်နိုင်သေးတဲ့ မြစ်ဆုံစီမံကိန်းလိုဟာမျိုးတွေ ရှိသေးတယ်။
**အိုးပေါက်** - တရုတ်နဲ့ အဆက်အသွယ်မလုပ်တော့ရင် ဘာဖြစ်နိုင်မလဲ။

**တုတ်ထိုး** - အဲ့ဒါတော့ မပြောတတ်ဘူး။ လောလောဆယ်တောင် တရုတ်ကြက်သွန်ဖြူတွေ လှောင်ထားတဲ့ ကုန်သည်တွေဟာ နှစ်ဆလောက်မြတ်နေကြတယ်။ တရုတ်ကြက်သွန်ဖြူလိုဟာမျိုးတွေတောင် ဈေးတက်နေတာ ကြည့်ပါတော့။
**အိုးပေါက်** - တစ်ချိန်ချိန်မှာ စီးပွားရေးပါမက တရုတ်လူမျိုးတွေပါ အလုံးအရင်းနဲ့ ဝင်ရောက်အခြေချတာမျိုးတွေ ရှိနိုင်မလားဗျာ။

**တုတ်ထိုး** - ဘယ်တစ်ချိန်ချိန် ပြောတာလဲ။ ခင်ဗျားမန္တလေး ရောက်သေးလား။
**အိုးပေါက်** - မရောက်တာကြာပြီ။

**တုတ်ထိုး** - မန္တလေးမြို့သွားကြည့်။ မန္တလေးမြို့ရဲ့ စီးပွားရေးလောကမှာ ၆၀ ရာခိုင်နှုန်းလောက်ဟာ တရုတ်တွေရဲ့လက်ထဲမှာ ရှိနေတာတဲ့ဗျာ။ သတင်းတွေမှာ ဖတ်ရတယ်။ မန္တလေးသွားကြည့်၊ မသိရင် တရုတ်ပြည်ရောက်နေသလို ခင်ဗျားခံစားသွားရလိမ့်မယ်။
**အိုးပေါက်** - တရုတ်ပြည်ရောက်နေတဲ့ ခံစားမှုသိဖို့ မန္တလေးထိ သွားကြည့်စရာ မလိုပါဘူးဗျာ။ မြစ်ကြီးနားမြို့ရဲ့ ဟိုဘက်ကမ်း တာလောကြီးဘက်သာ သွားကြည့်စမ်းပါ။ တရုတ်ငှက်ပျောခြံတွေ၊ တရုတ်ဖော့စက်ရုံတွေ တွေ့ရမယ့်အပြင် လမ်းညွှန်ဆိုင်းဘုတ်တွေကအစ တရုတ်လို ရေးထားတာတွေ တွေ့ရလိမ့်မယ်။ ဟိုတလောက တာလောကြီးဘက်သွားတာ လမ်းမှားပြီး တရုတ်နယ်စပ်ထဲ ရောက်သွားတာလားလို့ လန့်သွားတာပဲ။

**တုတ်ထိုး** - ဘာပဲပြောပြော ဝူဟန်ဗိုင်းရပ်စ်ပဲဖြစ်ဖြစ်၊ ဝူဟန်ဗိုင်းရပ်စ်ဘိုးအေကြီးပဲလာလာ မြန်မာ-တရုတ် ဆက်ဆံရေးကတော့ ရှေးကထက် ပိုချစ်ကြဦးမှာကတော့ အသေအချာပါပဲဗျာ။
**အိုးပေါက်** - ကောင်းလောင့်တေး၊ ကောင်းလောင့်တေး။ ဒါနဲ့ ကျုပ်တို့နိုင်ငံလည်း တော်တော်ခေတ်မီလာပြီနော်။
**တုတ်ထိုး** - ခေတ်မီရမှာပေ့ါဗျာ။ စက်ဘုပူကို အမီလိုက်နေတဲ့ဥစ္စာ။
**အိုးပေါက်** - ကျုပ်ပြောတာက ခိုးဆိုးလုနှိုက်တဲ့ ဒုစရိုက်သမားတွေက နိုင်ငံခြားရုပ်ရှင်တွေထဲကလို ခေတ်မီလာကြတာ ပြောတာဗျ။

**တုတ်ထိုး** - ဗျာ။
**အိုးပေါက်** - ခင်ဗျားမကြားဘူးလား။ ရန်ကုန်မှာလေ။ CB Bank အနုကြမ်းစီးခံရတာ။

**တုတ်ထိုး** - ဗျာ။
**အိုးပေါက်** - မဗျာနဲ့။ အနုကြမ်းစီးပြီး ကျပ်သိန်း ၆၀၀ ယူသွားတာ။ ပြီးတော့ ဒီအတိုင်းယူသွားတာ မဟုတ်ဘူး။ ဂျင်းဗုံးတစ်ခုလုံး ထောင်သွားသေးတယ်တဲ့။

**တုတ်ထိုး** - ယမ်းတို့ ဘာတို့နဲ့ လုပ်တဲ့ ဗုံးပဲကြားဖူးပါတယ်။ ဘယ့်နှယ်။ ဂျင်းဗုံးတုန်း။
**အိုးပေါက်** - ဗုံးက ဗုံးအတုကြီးတဲ့။

**တုတ်ထိုး** - ဟင်။ အင်း. . .။ ဗုံးအတုပဲ ဖြစ်တော့မပေ့ါနော်။ သိန်း ၆၀၀ လေးနဲ့ ဗုံးအစစ်ဈေးနဲ့ဆို ဘယ်တွက်ချေကိုက်တော့ပ့ါမလဲ။ နော။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဒါနဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လွှတ်တော်မှာ ဆွေးနွေးနေကြပြီနော်။
**အိုးပေါက်** - ကာ/ချုပ်ကြီးကတော့ ပြောထားတာရှိတယ်။ ခေတ်ကာလနဲ့ လိုက်လျောညီထွေစွာ ပြင်ဆင်သင့်တာ ပြင်ဆင်ရမယ်တဲ့။

**တုတ်ထိုး** - အဟက်။
**အိုးပေါက်** - ဘာရယ်တာတုန်း။

**တုတ်ထိုး** - သူများတွေပြောတာ ကြားဖူးတာတစ်ခု သတိရမိလို့ဗျ။
**အိုးပေါက်** - ဘာတဲ့တုန်း။

**တုတ်ထိုး** - ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ဖို့ဆိုတာတဲ့ သင်ဇာဝင့်ကျော်ဝတ်စုံလိုပဲတဲ့။
**အိုးပေါက်** - ဘာလို့။

**တုတ်ထိုး** - တောက်တခေါက်ခေါက်နဲ့ ကြိုက်မနိုင်ခဲမရ လုံးပမ်းပေးမယ့် ထိတို့ခွင့် လွယ်လွယ်မရတာ ခက်တယ်တဲ့။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ပြီးတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိစ္စကလည်း သင်ဇာဝင့်ကျော်ဝတ်စုံလိုပဲတဲ့။
**အိုးပေါက်** - ဘာလို့။

**တုတ်ထိုး** - ရေးရေးလေး မြင်ရပေမယ့် မျက်ဝန်းထင်ထင် တွေ့ရဖို့ မလွယ်ဘူးတဲ့ဗျာ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - အဟိ။ ကျုပ်လည်း အွန်လိုင်းပေါ်မှာ ဖတ်ဖူးတာလေး ပြန်ပြောပြတာ။ ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ဒါဆို ကျုပ်လည်း ပြောတတ်ပ့ါ။ ကျုပ်တို့မြန်မာပြည်မှာ တရားဥပဒေစိုးမိုးရေးဆိုတာ သင်ဇာဝင့်ကျော်လို ဖြစ်စေချင်တာပဲ။

**တုတ်ထိုး** - ရေးရေးလေးပဲ မြင်ရလို့လား။
**အိုးပေါက်** - ဘယ်ကဟုတ်ရမှာလဲ။ သင်ဇာဝင့်ကျော်လို ပွင့်လင်းမြင်သာမှု ရှိစေချင်တာကို ပြောတာ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - စကားတစ်ခု ကြားဖူးမှာပေ့ါ။ "ရွှေဘနောက်ပိုင်း ပြန်လာမည်။"ဆိုတာလေ။ ပထမပိုင်း ခံရမည်။ နောက်ပိုင်း ပြန်ချမည် ဆိုတာလေ။
**အိုးပေါက်** - ကျုပ်တို့ ပြည်သူတွေကတော့ သမိုင်းတစ်လျှောက် အခံဘက်ကချည်းပဲ။

**တုတ်ထိုး** - ဆက်ပြီး အခံဘက်မရောက်ရအောင် ၂၀၂၀ မှာ ပြည်သူ့အကျိုး တကယ်ဆောင်ရွက်တဲ့ ပါတီကိုပဲ အစိုးရတင်မြှောက်ရမှာပဲဗျ။
**အိုးပေါက်** - ကျုပ် အမြင်တော့ဗျာ။ အရင်လူတွေ မကောင်းကြသလို အခုလူတချို့လည်း မကောင်းတာတွေ ပါနေတယ်။ ဆွမ်းဆန်ထဲ ကြွက်ချေးရောနေတာပဲဗျ။

**တုတ်ထိုး** - အရင်လူတွေကိုတော့ ကျုပ် ဘယ်တော့မှ မဲမပေးတော့ဘူးဗျို့။ ကြည့်ပါလား သုမနကျောမှာ ဒဏ်ရာတွေချည်းပဲ။
**အိုးပေါက်** - တချို့ နောင်တတရားတွေနဲ့ ပြန်လာကောင်းပြန်လာမှာပါ။

**တုတ်ထိုး** - ကျားဥပုသ်စောင့်တယ်တို့၊ ခြသေ့ံမြက်စားတယ်တို့ဆိုတာကို ကျုပ်တော့ မယုံရေးချမယုံပါခင်ဗျာ။ ပြည်သူတွေကို ငတုံးငအလို့ မထင်ပါနဲ့ခင်ဗျာ။
**အိုးပေါက်** - ဟိုဘုန်းကြီးလည်း ခေါင်းခေါက်တာပဲ။ ဒီဘုန်းကြီးလည်း ခေါင်းခေါက်တာပဲ။

**တုတ်ထိုး** - ကျုပ်တို့တိုင်းပြည် ဖွတ်တက်တာထက်စာရင် ငှက်ဆိတ်တာက နည်းနည်းခံသာပါသေးသဗျ။ ဒီတော့ ငှက်ဆိတ်တာကိုပဲ ကြိတ်ခံရမှာပဲဗျို့။ ဒီအစိုးရထက်ကောင်းတာ၊ ဒီပါတီထက်ကောင်းတာ ပေါ်လာရင်တော့ အဲ့ဒီပါတီကို မဲပေးမှာ အမှန်ပဲဗျို့။
**အိုးပေါက်** - ကျုပ်တို့သမ္မတကြီးလည်း ကြိုးစားပါသဗျ။ မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွေ ဖမ်းမိနေတာတွေ ဖတ်ရတယ်။ တရားဥပဒေစိုးမိုးရေးတွေကိုလည်း လုံးပမ်းနေတယ်။ ၂၀၀၈ဖွဲ့စည်းပုံအရနိုင်ငံတော်ရဲ့အမြင့်ဆုံးအကြီးအကဲပါပဲ။

**တုတ်ထိုး** - သနားစရာ သမ္မတကြီးပါဗျာ။
**အိုးပေါက်** - ဗျာ။ ဘာလို့တုန်း။

**တုတ်ထိုး** - ဖွဲ့စည်းပုံအရ နိုင်ငံတော်ရဲ့အကြီးအကဲဆိုပေမယ့် ကာ/ချုပ်ကို ရွေးချယ်ခန့်ထားခွင့် မရှိရှာဘူး။ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနတွေရဲ့ ဝန်ကြီးဌာနတွေကို ခန့်ခွင့်မရှိဘူးဗျ။
**အိုးပေါက်** - ဆရာကောင်းသန့် ရေးသလို ကိုယ့်ကိုဂရုမစိုက်တဲ့ မယားပါသားတွေနဲ့ အတူနေရတဲ့ဖခင်တစ်ဦးနဲ့တူနေတဲ့ သမ္မတကြီးကို စာနာမိပါတယ်။

**တုတ်ထိုး** - ကိုင်း၊ သမ္မတကြီး ကျန်းမာပါစေဗျာ။ ။

# တာဝါလိန်းအိမ်ဧည့်ခန်းက ဂျိန်းဖောဓာတ်ပုံ

အင်ခိုင်ဘွမ် ရေးသားသည်

ရန်ကုန်မြို့ရှိ ရှေးဟောင်းအိမ်များစွာထဲတွင် ကမ္ဘာသိ အိမ်ကြီးတစ်အိမ်မှာ တာဝါလိန်း (Tower Lane)အိမ်ကြီး ဖြစ်သည်။

၁၉၂၁ ခုနှစ်က တည်ဆောက်ခဲ့သည့် အဆိုပါ အနောက်တိုင်းဗိသုကာဟန် အိမ်ကြီးသည် တောင်ကုန်းလေးပေါ်တွင် မြင့်မြင့်မားမားရှိနေသည်။ မျှော်စင်ကြီးသဖွယ်ဖြစ်နေ၍ ထိုအိမ်ကြီးရှိသောလမ်းကို တာဝါလိန်းလမ်းဟုခေါ်သည်။ အိမ်ကြီးမှာ တာဝါလိန်းအိမ်ကြီး ဖြစ်သွားတော့သည်။ ထိုအိမ်ကြီးတွင် နေထိုင်သည့် မိသားစုမှာ ဗိုလ်ချုပ်အောင်ဆန်းတို့မိသားစုဖြစ်သည်။



အပြင်ပန်း ကြည့်လျှင် ဗိမ်ခံအိမ်ကြီးသဖွယ် ထင်ရသော်လည်း ဗိုလ်ချုပ်အောင်ဆန်းကတော့ လွတ်လပ်ရေးရရန် စဉ်းစားတွေးတောရင်း အိပ်မပျော်သည့် ညပေါင်းများစွာကို ကျော်ဖြတ်ခဲ့ရသည်ဟု ဆိုသည်။ ထိုအိမ်ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ်မှ သူကျဆုံးသည့် ၁၉၄၇ ခုနှစ် နေထိုင်ခဲ့လေသည်။ ထိုကာလသည် မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၀၀ ကျော်အုပ်ချုပ်ခဲ့သော နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်မှ လွတ်လပ်ရေးကိုပြန်လည်ရယူရန် အရေးကြီးဆုံးအချိန် ဖြစ်သည်။ အောင်ဆန်း-အက်တလီစာချုပ်ဆိုရန် ဗိုလ်ချုပ်အောင်ဆန်းသည် ဤအိမ်ကြီးမှ ထွက်ခွာသည်။ ကချင်တောင်တန်း၊ ရှမ်းတောင်တန်းစည်းရုံးရေး ခရီးစဉ်များကို ဤအိမ်မှထွက်ခွာသည်။ ပင်လုံစာချုပ်ချုပ်ဆိုရန် ဤအိမ်ကြီးမှ ထွက်ခွာခဲ့သည်။ စိတ်ပင်ပန်းဖွယ် နိုင်ငံရေးမုန်တိုင်းကြား အိမ်ကြီးထဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြေးလွှားနေစဉ် သူ၏သားသမီးဖြစ်သော အောင်ဆန်းဦး၊အောင်ဆန်းလင်း၊အောင်ဆန်းစုကြည်တို့သည်လည်း ဤအိမ်ကြီးတွင် ကျန်နေရစ်ပြီး ပြေးလွှားဆော့ကစားနေခဲ့ကြသည်။ သားနှစ်ယောက်က မျက်စိနောက်လောက်အောင် အလွန်ဆော့သည်။ သမီးလေးစုကတော့ ဗိုလ်ချုပ်အောင်ဆန်း အိမ်ပြန်လာလျှင် "ဖေဖေပြန်လာပြီ" ဟု ဆိုကာ ဘဝင်အေးစရာအပြုံးလေးဖြင့် ဆီးကြိုတတ်လေသည်။



သားသမီးများနှင့် ပတ်သက်၍ တာဝါလိန်းအိမ်ကြီးတွင်မိသားစုစုံတုန်းဗိုလ်ချုပ်အောင်ဆန်းက "အကြီးကောင်ငဦးက (Very Serious) အရွယ်နဲ့မလိုက်အောင် တည်တာရယ်၊ မှတ်ဉာဏ်ကောင်းတာရယ်ကို ထောက်တော့ သူ့အဖေလို လာမယ် ထင်တာပဲ။ အငယ် ငလင်းကြီးကတော့ သူ့ကြည့်ရတာရှုးပေါပေါကြီးပဲ။ ပေါ့ပေါ့နေပေါ့ပေါ့စားရင်း ကြီးလာမယ့် အကောင်ကြီးပဲကွ။ ဘာပဲပြောပြော ငါ့သမီးလေးစုကတော့ အာလုံးထဲမှာ အလိမ္မာဆုံး၊ ချစ်စရာအကောင်းဆုံးဖြစ်မှာပါပဲ" ပြောဖူးခဲ့သည်။

၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်မြောက်ပိုင်း မြစ်ကြီးနားသို့သွားရောက်ခဲ့သည်။ ကချင်-ဗမာ ချစ်ကြည်ရေးနှင့် လွတ်လပ်ရေး အရယူရေးတို့ကို ပြောကြားခဲ့သည်။ "တစ်တိုင်းပြည်လုံးနဲ့ပတ်သက်တဲ့ ကာကွယ်ရေး၊ ဘဏ္ဍာရေးဆိုတာမျိုးတွေကျတော့ ကချင်ဝန်ကြီးများပါတဲ့ အစိုးရအဖွဲ့က တိုင်ပင်ပြီးမှ လုပ်ကြမယ်။ ကိုးကွယ်တာလဲ ကြိုက်တာကို ကိုးကွယ်နိုင်တာပဲ"ဟု ပြောခဲ့သည်။ ထို့နောက် မန်ခိန်ရွာဧည့်ခံပွဲသို့သွားရောက်ခဲ့သည်။ ကချင်အမျိုးသား၊ အမျိုးသမီးများနှင့်ခင်မင်ရင်းနှီးစွာ ဓာတ်ပုံရိုက်ခဲ့သည်။ မန်ခိန်မှအပြန် သတင်းစာဆရာကြီး ဦးပုကလေးက "ဗိုလ်ချုပ် ယခုလို ကချင်အဝတ်အစားနဲ့ပဲ တောင်တန်းကြီးများနှင့် ဧရာဝတီမြစ် နောက်ခံထားပြီး ဓာတ်ပုံရိုက်လိုပါသေးတယ်"ဟု ဆိုသဖြင့် ဓာတ်ပုံအရိုက်ခံပြန်သည်။

ကချင်ပြည်နယ်မှ ပြန်လာပြီး ၁ နှစ်မပြည့်မီ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့တွင် မသမာသူများ၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်အလောင်းကို တာဝါလိန်းအိမ်ကြီးသို့ ယူဆောင်လာခဲ့သည်။ နောက်တနေ့ ဇူလိုင် ၂၀ ရက်နေ့တွင် ဆမားဒူဝါဆင်ဝါးနောင်သည် တာဝါလိန်းအိမ်ကြီးသို့ သွားရောက်ကာ ဗိုလ်ချုပ်ရုပ်အလောင်းကိုကြည့်ရင်း မျက်ရည်ကြီးပေါက် ကျခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် အသက် ၃၅ နှစ်အရွယ် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် ကလေး ၃ ယောက်နှင့်အတူ ဤအိမ်ကြီးတွင်ပင် ဆက်လက်နေထိုင်ခဲ့ကြသည်။

ဗိုလ်ချုပ်အိမ်သည် ဗိုလ်ချုပ်မရှိတော့သော်လည်းသူ့၏ နိုင်ငံရေးမိတ်ဆွေများ၊ ဒေါ်ခင်ကြည်၏ သူနာပြုဆရာမလေးများ လာရောက်လည်ပတ် နားခိုတတ်ကြသည်။ သူနာပြုဆရာမလေးများထဲတွင် ကချင်မလေးများလည်း ပါဝင်လေသည်။ လွတ်လပ်ရေး ရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း ရန်ပုံငွေ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီက ၎င်းအိမ်ကြီးကို ပိုင်ရှင်တရုတ်လင်မယားထံမှ ငွေ ၃ သောင်းဖြင့်အပြီးအပိုင် ဝယ်ယူခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ ဒုတိယမြောက်သား အောင်ဆန်းလင်းသည် အိမ်ရှေ့ရေကန်တွင် ဖိနပ်ကျ၍ကောက်ရာမှ ရေနစ်သေဆုံးခဲ့ပြန်သည်။ အောင်ဆန်းလင်း ကွယ်လွန်ပြီးနောက်ပိုင်း ဒေါ်ခင်ကြည်သည် ဤအိမ်ကြီးတွင် မနေလိုတော့၍ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်သို့ ပြောင်းရွှေ့သွားခဲ့သည်။

ထို့နောက် ၁၉၅၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် ဒေါ်ခင်ကြည်ထံမှ ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရပစ္စည်းများကို စုဆောင်း၍ တာဝါလိန်း နေအိမ်ကြီးကို ၁၉၆၀ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ပရိဘောဂဟူ၍ များများစားစား မရှိသော ဧည့်ခန်းတစ်နေရာတွင် တိုင်းရင်းသားဂျိမ်းဖောများနှင့်အတူ ရိုက်ကူးထားသော ဗိုလ်ချုပ်၏ဓာတ်ပုံ ရှိနေလေသည်။ ဗိုလ်ချုပ်မရှိတော့သော်လည်း ဗိုလ်ချုပ်သည် အမှန်တကယ်ပင် ကချင်လူမျိုးများကို ချစ်ခင်ရင်းနှီး အလေးထားခဲ့သည့် သက်သေတစ်ခုပင် ဖြစ်လေသည်။ ■



# စာအုပ်စင်ကဏ္ဍာ

| | |
|---|---|
| ရွက်ဖျင်တဲ့ အခိုးခံလိုက်ရပြီ | |
| စာရေးသူ | = နိုင်မြင့် |
| ထုတ်ဝေသူ | = လင်းလွန်းခင် စာပေ |
| တန်ဖိုး | = ၂၅၀၀ ကျပ် |




**ညီထွန်းလင်း**

ဝတ္ထုတို၊ ဝတ္ထုရှည်၊ အက်ဆေး၊ ဆောင်းပါး စသည့် စာပေပုံစံမျိုးစုံကို ရေးနိုင်သော စာအရေးလည်းကောင်းသော ဆရာနိုင်မြင့်၏ အက်ဆေးများ စုစည်းထားခြင်း ဖြစ်သည်။ ရွက်ဖျင်တဲ့ အခိုးခံလိုက်ရပြီဆိုသော အက်ဆေးသည် ရွှေအမြုတေစာပေဆု ရရှိထားသော အက်ဆေးတစ်ပုဒ်လည်းဖြစ်ပါသည်။ ယခုစာအုပ်တွင် ဆရာနိုင်မြင့်၏ သူငယ်ချင်း ရေးဖော်ရေးဖက် ဆရာမောင်နှင်းပန်းက အမှာစာရေးပေးထားသည်။ အက်ဆေးများမှာ စုစုပေါင်း အပုဒ်(၂၀)ပါဝင်ပြီး မဂ္ဂဇင်းများတွင် ဖော်ပြခံထားရပြီး အက်ဆေးများ ဖြစ်သည်။

သည်ဘက်ခေတ်မှာ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ် လုပ်ကိုင်ကြသောသူ အရေအတွက်မှာလည်း တဖြည်းဖြည်းနှင့် တိုးပွားသထက် တိုးပွားလာပါသည်။ ကျောင်းသွားတက်ကြသော သူများကလည်း ပိုမိုများပြားလာသည်။ အလုပ်လုပ်လိုသော သူများက စင်္ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ဒူဘိုင်းနိုင်ငံများကိုပို၍ ရွေးချယ်ကြသည်။ ကျောင်းသွားတက်သော သူများက စင်္ကာပူ၊ ဩဇီတို့ကို ဦးစားပေး စဉ်းစားကြသည်။ ဆရာဝန်ဘွဲ့၊ အင်ဂျင်နီယာဘွဲ့ ရရှိထားသော သူများကအစ အပြင်ထွက်ဖို့ ကြိုးစားနေကြသည်။ ပတ်စပို့ရုံး၌ လူငယ်၊ လူလတ်အရွယ်များ ခြေချင်း လိမ်နေကြတာက သက်သေခံလျက် ရှိသည်။

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်ကတော့ လူတွေ ပြင်ပသို့ထွက်သွားခြင်းမှာ push Factor နှင့် Pull Factor အပေါ် မူတည်သည်ဟု ဆိုခဲ့ဖူးတာကိုလည်း ကျွန်တော်ဖတ်ရှုခဲ့ဖူးသည်။ အထူးသဖြင့် မိမိတို့သား သမီးများ၏ ပညာရေးကိုကောင်းစေချင်သောမိဘများအတွက် စင်္ကာပူသည် အိပ်မက်တစ်ခု ဖြစ်လာပါသည်။ ထို့ကြောင့် သားသမီးကိုချည်းပဲ စိတ်ချလက်ချလွှတ်၍ဖြစ်စေ၊ မိသားစုလိုက်ပြောင်းရွှေ့၍ ဖြစ်စေ ပညာရေးအတွက် စင်္ကာပူမှာ ရင်းနှီးမြုပ်နှံကြတာကိုလည်း တွေ့ရှိရသည်။ ထိုမှတစ်ဆင့် သည့်ထက်သာလွန်ကောင်းမွန်သော နိုင်ငံတစ်ခုသို့ လှမ်းတက်နိုင်ဖို့ အရေး ထပ်မံကြိုးစားကြပြန်သည်။ သို့သော်လည်း တစ်ဖက်တွင် ကမ်းပါးပြိုလျှင် တစ်ဖက်မှာ သောင်ထွန်းသကဲ့သို့ ပြန်လည်ပေးဆပ်လိုက်ရသော အရင်းအနှီးများလည်း ရှိသည်။ (စာ - ၅၆ မှ) ■

| | |
|---|---|
| သိအောင် စာဖတ်ရတယ် | |
| စာရေးသူ | = မောင်သာနိုး |
| ထုတ်ဝေသူ | = စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | = ၂၈၀၀ ကျပ် |




**ညီထွန်းလင်း**

ဆရာမောင်သာနိုးရဲ့ စာပေဆောင်းပါးများ စုစည်းမှုဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာ စုစုပေါင်း ဆောင်းပါး ၃၄ ပုဒ်ပါဝင်ထားပြီး မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့တဲ့ ဆောင်းပါးများ ဖြစ်ပါတယ်။ စာပေနဲ့ ပတ်သက်တဲ့ ဆောင်းပါးများ ပါဝင်သလို တခြားအတွေးအမြင် ဆောင်းပါးများလည်း ပါရှိပါတယ်။ ဘာသာစကား ဆိုင်ရာ ဆောင်းပါးများ။ အနုပညာဆိုင်ရာ အတွေးအမြင်များနဲ့ စာပေဆိုင်ရာ ဆောင်းပါးအများစု ဖြစ်ပါတယ်။

ကျွန်တော်တို့က အားထုတ်မှုပြုပြီး စာရေးတယ်ဆိုတာကို ယုံသူထဲမှာပါတယ်။ အခု ကျွန်တော် စကားပြေဆောင်းပါး ရေးနေတာပါ။ ဒါပေမဲ့ ကြိုးစားပြီးလို့ ရေးမလား၊ ကြိုးစားပမ်းစားနဲ့လို့ ရေးမလား စဉ်းစားပြီးမှ အားထုတ်မှုပြုပြီးလို့ ရေးချဖြစ်သွားတယ်။ အထက်နားတုန်းကလည်း စာရေးသူ ရေးမလား၊ စာကိုရေးသူ ရေးမလား စဉ်းစားပြီးမှ စာကိုဖန်ဆင်းသူလို့ အတည်ဖြစ်သွားတာ။ အင်္ဂလိပ်စာ အရေးကျင့်ရစဉ်က ပါသွားတဲ့ အကျင့်တွေပလေ။ သေစာရှင်စာမနည်း စာလုံးပေါင်းရေးတတ်သူတွေ အဖို့တော့ ရယ်စရာဖြစ်နေမှာပ။

ဒီလိုစာကို တမြတ်တနိုး ယုယပြုစုထားသူအဖို့ ကိုယ့်ရင်ထဲက စိမ့်ထွက်ထားတဲ့ စာကို ဖျောက်ပစ်လိုက်ကြတယ်ဆိုတော့၊ ဘယ်လိုခံစားရမလဲ စဉ်းစားသာကြည့်တော့။

စာကို ပေါ့တိပေါ့ဆ ဖျောက်ပစ်တတ်သူတွေထဲမှာ အစဆုံးသတိထားမိသူတွေကတော့ နယ်က စိတ်ရှုးပေါက်ပြီး စာအုပ်စာစောင်ထုတ်တမ်းကစားချင်သူ လူငယ်တွေပါပဲ။ ကျွန်တော့်အဖို့တော့ ကိုယ်နဲ့ သိကျွမ်းရသူရှားတယ်။ အသိအကျွမ်း ခင်မင်သူတစ်ဦးဦးကတစ်ဆင့် လာတာချည်းပဲ။ ကျွန်တော်တို့မြို့နယ်က လူငယ်တွေပါ၊ ဆရာ့စာဖတ်ပရိသတ်တွေပါ။ ဘာညာအစချီပြီး စာမူတောင်းတော့တာပဲ။ ရေးပေးလိုက်တော့ စာအုပ်ထွက်လာတာလည်းရှိ၊မထွက်တာလည်းရှိ။ထွက်ထွက်မထွက်ထွက်၊ ကိုယ့်ဆီစာအုပ် မရောက်လာတာကများတယ်။ ထွက်မလာရင်တော့စာမူအစတုံးကရောပဲ။ ထွက်ရင်တော့ စာအုပ်ကိုရှာကြံတောင်းရ ဝယ်ရတာပလေ။

ဒီလိုနဲ့ အထက်အညာဒေသ၊ အောက်ပြည် မြစ်ဝကျွန်းပေါ် ဒေသ၊ ရှမ်းပြည်နယ်၊ ခရစ်ယာန်လူငယ်၊ တက္ကသိုလ်ကောလိပ်အမျိုးမျိုးတွေမှာ ကျွန်တော့်စာတွေ ပျောက်ချင်းမလှ ပျောက်လှလေပြီ။ တစ်နေ့ကပဲ မိတ်ဆွေ ပါမောက္ခချုပ်တစ်ဦးနဲ့တွေ့တော့ သူက ကျွန်တော် The Light မဂ္ဂဇင်းမှာ အင်္ဂလိပ်လို ဆောင်းပါးအဟောင်းလေးတွေ ပြန်လည် ဖော်ပြပေးနေတာနဲ့ ပတ်သက်ပြီး စကားစပ်မိရာက။ ( စာ - ၃ မှ) ■

# ကျန်းမာရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းမှု

ကျန်းမာရေးက လူတိုင်းအတွက် အရေးကြီးတယ်ဆိုတာကို ထွေထွေထူးထူးပြောစရာမလိုပါဘူး။ စာဖတ်သူတိုင်းသိပြီးသားပါ။ ကျန်းမာရေးက အရေးကြီးတယ်ဆိုတာသိပေမယ့် ကျန်းမာအောင် ဘယ်လိုနေရမလဲဆိုတာကိုတော့ သိတဲ့သူ နည်းပါလိမ့်မယ်။ ကိုယ့်ရဲ့ တစ်နေ့တာပြုမူတဲ့ အလေ့အကျင့်တိုင်းက ကိုယ့်ရဲ့ကျန်းမာရေးအပေါ် သက်ရောက်ပါတယ်။ လှုပ်ရှားမှုတိုင်းက ခန္ဓာကိုယ်ကို တိုက်ရိုက်အကျိုး သက်ရောက်နေပါတယ်။ လှုပ်ရှားမှုနည်းပါးတဲ့ ခန္ဓာကိုယ်က ထုံထိုင်းလာမယ်။ ထုံထိုင်းလာရင် ကျန်းမာရေးပြဿနာတွေပါဖြစ်လာမယ်။ လူတွေက ကျန်းမာနေတဲ့အချိန် ကျန်းမာတဲ့အရသာကို ကောင်းကောင်းမခံစားမိတတ်ကြပေမယ့် ကျန်းမာရေးချူချာလာမှသာ ကျန်းမာတဲ့အရသာကို ကောင်းကောင်း နားလည်သဘောပေါက်လာကြတယ်။ ခန္ဓာကိုယ် သွက်လက်ပေါ့ပါးနေဖို့၊ ကျန်းမာသန်စွမ်းနေဖို့က လေ့ကျင့်ခန်းတစ်ခုတည်း လုပ်နေရမယ်လို့ မဆိုလိုပါဘူး။ လေ့ကျင့်ခန်းအပြင် တစ်ကိုယ်ရေသန့်ရှင်းမှုလည်း အရေးကြီးပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိရင်လည်း ပြည့်စုံတဲ့ကျန်းမာသန်စွမ်းမှုကို ရနိုင်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုတာ မိမိရဲ့ ခန္ဓာကိုယ်ကျန်းမာနေဖို့ မဖြစ်မနေလုပ်ပေးရမယ့် တာဝန်ဝတ္တရားဖြစ်ပါတယ်။ ဒီတော့ တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် မနက်အိပ်ယာထတာနဲ့ ဘာတွေ လုပ်ရမလဲ။

**(၁)မျက်နှာသစ်**

မျက်နှာသစ်တာက ကျန်းမာရေးအတွက် မဖြစ်မနေလုပ်ရမယ့် အခြေခံမှုလေးပါ။ ဒီအခြေခံမှုကလေးတွေကပဲ ကျန်းမာရေးကို အကြီးစားပြောင်းလဲမှုတွေကို ဖြစ်ပေါ်စေပါတယ်။ မျက်နှာကို စနစ်တကျသစ်မယ်ဆိုရင် မူးဝေခြင်း၊ သွေးဝမ်းသွားခြင်း၊ ဝက်ခြံ၊ ညှင်း၊ တင်းတိတ်တွေနဲ့ ခံတွင်းခြောက်ခြင်း စတာတွေကို ကင်းဝေးစေပါတယ်။

**(၂)သွားတိုက်**

သွားကိုစနစ်တကျနဲ့ နည်းလမ်းမှန်မှန်တိုက်ဖို့ လိုပါတယ်။ သွားကို နည်းလမ်းမှန်မှန်တိုက်မယ်ဆိုရင် ခံတွင်းပုပ်အနံ့ကို ကင်းစေပြီး အရာသာကို ကောင်းမွန်စွာခံစားစေနိုင်တယ်။ နောက်ပြီး သွားနဲ့ အမြင်အာရုံကြောက ချိတ်ဆက်နေတာကြောင့် သွားကိုစနစ်တကျတိုက်ပေးမယ်ဆိုရင် အမြင်အာရုံကြည်လင်စေပါတယ်။

**(၃)ပလုတ်ကျင်း**

ပလုတ်ကျင်းတဲ့ အလေ့အကျင့်ကိုတော့ လူတော်တော်များများ သိပ်မလုပ်ဖြစ်ကြဘူး။ အမှန်တော့ သွားမတိုက်မီနဲ့ သွားတိုက်ပြီးတိုင်းမှာ ပလုတ်ကျင်းတတ်တဲ့ အလေ့အကျင့်ကို မွေးမြူသင့်ပါတယ်။ အကျိုးကျေးဇူးတွေက သလိပ်နာကိုနိုင်ခြင်း၊ ခံတွင်းစင်ကြယ်ခြင်းနဲ့ သွားကြိတ်တတ်တဲ့ အလေ့အကျင့်ဆိုးတွေကိုပါ ပျောက်ကင်းစေပါတယ်။

**(၄)ရေချိုးခြင်း**

ရေချိုးတဲ့ အလေ့အကျင့်ကို လုပ်တဲ့သူက အင်မတန်မှနည်းပါမယ်။ အေးတဲ့ရာသီဖြစ်ဖြစ်၊ ပူအိုက်တဲ့ရာသီဖြစ်ဖြစ် ရေချိုးတဲ့အလေ့အကျင့်ကို ပုံမှန်လုပ်ပေးမယ်ဆိုရင် အသားအရေတွန့်တာ၊ နှာစေး၊ ချောင်းဆိုးတာတွေအပြင် အမြင်အာရုံကြည်လင်မှုကိုပါ ရရှိစေပါတယ်။

**(၅)ရေသောက်ခြင်း**

နံနက်စောစော ရေသောက်ပါဆိုတာက စာဖတ်သူအားလုံး ကြားဖူးနားဝဖြစ်ပြီးသားဖြစ်မှာပါ။ နံနက်စောစောအိပ်ယာထတာနဲ့ ရေသောက်ပေးမယ်ဆိုရင် မြင်းသရိုက်နာ၊ ကိုယ်ယောင်နာ၊ အဖျားရောဂါ၊ ဝမ်းချုပ်တာတွေကို သက်သာစေပါတယ်။

ဆိုင်းတူး (အင်တာနက်မှကိုးကားသည်)

မိုးညှင်း ဖြန့်ချိရေးတာဝန်ခံ
နန်ဂျာ

ပူတာအို ဖြန့်ချိရေးတာဝန်ခံ
ဇမီအုန်း



" အစိုးရ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့တွေမှာ လူငယ်တွေကို များများလက်တွဲခေါ်ပေးပါ "

# ပြည်သူ့ဂုဏ်ရည်ဆုရ

# မဆွတ်ဆိုင်းထွယ်

မျိုးမြတ်မြတ်ပန် မေးမြန်းသည်

**မဆွတ်ဆိုင်းထွယ်ဟာ အသက် ၂၄ နှစ်အရွယ် ကချင်အမျိုးသမီး တက်ကြွလှုပ်ရှားသူ တစ်ဦး ဖြစ်ပါတယ်။ သူဟာ အသက် ၂၀ အရွယ်က စပြီး Kachin Woman Assosiation Thailand မှာ အမျိုးသမီးအခွင့်အရေး ကာကွယ်သူအဖြစ် စတင် ပါဝင်လှုပ်ရှားခဲ့ပါတယ်။ လူမှုရေး၊ စစ်ရှောင်ပြည်သူများအရေးနဲ့ နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့တာတွေကြောင့် အမေရိကန်နိုင်ငံ အခြေစိုက် အဝေးရောက်မြန်မာများ စုပေါင်းချီးမြှင့်တဲ့ ပြည်သူ့ဂုဏ်ရည်ဆုနဲ့ နယူးဇီလန်နိုင်ငံ Wellington Kachin Community က ချီးမြှင့်တဲ့ Ram Ningja ဆုတွေ ရရှိထားသူလည်း ဖြစ်ပါတယ်။ မဆွတ်ဆိုင်းထွယ်ကို ကချင်ပြည်နယ်နိုင်ငံရေးမှာ လူငယ်များပါဝင်နိုင်မှု အကြောင်းနဲ့ ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်က တွေ့ဆုံမေးမြန်းထားပါတယ်။**

**အစ်မ လက်ရှိတာဝန်ယူထားတဲ့ အလုပ်တွေကို အရင်ဦးဆုံး ပြောပြပေးပါဦး။**

ကျွန်မက လက်ရှိ ကချင်လူငယ်များအဖွဲ့ ကွန်ရက်မှာ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ကချင်လူငယ်ထု လှုပ်ရှားမှုမှာလည်း ကျွန်မကိုယ်တိုင် နက်နက်နဲနဲပါဝင်နေပါတယ်။ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ စစ်ရှောင်တွေရဲ့ အရေးကိစ္စတွေ၊ ပြီးတော့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်စေလာဖို့အတွက် ဆိုတဲ့ရည်ရွယ်ချက်နဲ့ လူငယ်တွေနဲ့ ပူးပေါင်းလှုပ်ရှားမှုတွေမှာ ပါဝင်လုပ်ဆောင်နေပါတယ်။

**နိုင်ငံရေးတွေမှာ ဘယ်လို ပါဝင်ဖြစ်ခဲ့တာပါလဲ။**

ကျွန်မ မုံရွာတက္ကသိုလ်ကျောင်းတက်ကတည်းက ကချင်စာပေနဲ့ ရိုးရာယဉ်ကျေးမှု လူငယ်အဖွဲ့မှာ အတွင်းရေးမှူးအဖြစ် စလှုပ်ရှားခဲ့တယ်။ အဲဒီကတည်းက လူငယ်လှုပ်ရှားမှုတွေ လူငယ်စိတ်ဓါတ်မြှင့်တင်ရေးတွေ အများကြီး လုပ်ခဲ့တယ်။ ၂၀၁၄ ခုနှစ် ကျွန်မအသက် ၂၀ လောက်မှာ အမျိုးသမီးအခွင့်အရေးအတွက် စပြီး လှုပ်ရှားဖြစ်တယ်။ အဲဒီကတည်းကစပြီး ကျွန်မ အမျိုးသမီးအခွင့်အရေး ကာကွယ်သူတစ်ယောက် ဖြစ်လာတယ်။ ပြီးတော့ အခု ကျွန်မ အမျိုးသမီးအခွင့်အရေးကို ကာကွယ်သူ၊ ပြောဆိုသူအနေနဲ့ ရော စတင်ခဲ့တယ်။ တဖြည်းဖြည်းနဲ့ နိုင်ငံရေးလောကကို ဝင်လာခဲ့တာပါရှင့်. . . ။

**လူငယ်နဲ့ နိုင်ငံရေးကို အစ်မအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

လူငယ်နဲ့နိုင်ငံရေးဆိုတာက ရေနဲ့ငါးလိုပဲ ဖြစ်နေရမယ်။ ဘာဖြစ်လို့ အဲသလိုပြောလည်းဆိုတော့ ရေနဲ့ငါးလို့မပြောခင်မှာ နိုင်ငံရေးဆိုတာကို အဓိပ္ပါယ်ဖွင့်ရမယ် ဆိုလို့ရှိရင် တစ်ဖက်မှာလည်း ရွေးကောက်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေ ကနေပြီးတော့ ပေါ်လစီတွေရေးဆွဲထားပြီးတော့ ကောင်းမွန်စွာ အုပ်ချုပ်တဲ့ အုပ်ချုပ်မှုယန္တရားရှိမယ်၊ နောက်တစ်ဖက်မှာ နိုင်ငံရေးဆိုတာ ကျွန်မတို့ရဲ့နေ့စဉ်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးတွေက နိုင်ငံရေးမှာ အကျုံးဝင်တယ်။ အဲဒီတော့ ဒါတွေကိုနိုင်ငံရေးလို့ခေါ်တယ်။ လူငယ်ပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် ပိုပြီးတော့ ပါဝင်ရမယ်ဖြစ်သလို ဘာဖြစ်လို့ လူငယ်တွေပိုပြီးတော့ ဒီနိုင်ငံရေးနဲ့ ဆက်စပ်နေရမှာ လဲဆိုတော့ လူငယ်တွေသည် တိုင်းပြည်ရဲ့ အနာဂါတ်ဖြစ်တယ်။ တိုင်းပြည်တစ်ခုက ဘယ်လောက်ထိ အလားအလာရှိလား/ မရှိဘူးလား ဆိုတာက အခုလက်ရှိ တိုင်းပြည်က လူငယ်တွေအပေါ်မှာ ဘယ်လောက်ထိရင်းနှီးမြှုပ်နှံမှုလုပ်နေပြီလဲ ဆိုတဲ့အရာက စကားပြောသွားတယ်။ အဲဒါကြောင့် လူငယ်တွေက နိုင်ငံရေးမှာ အရမ်းအရေးကြီးတဲ့ အနာဂါတ်အခန်းကဏ္ဍမှာ ပါဝင်တယ်။

**လက်ရှိ ကချင်ပြည်နယ်မှာက လူငယ်တွေ နိုင်ငံရေးမှာ ပါဝင်မှု ဘယ်လောက်ထိရှိနေတယ်လို့ မြင်ပါသလဲ။**

ကချင်ပြည်နယ်မှာ လူငယ်တွေက နိုင်ငံရေးမှာ ဘယ်လိုပါဝင်မှုရှိလဲဆိုတော့ ကျွန်မတို့ သေသေချာချာ စာရင်းကောက်ထားတာတော့ မရှိသေးဘူး။ ဒါပေမဲ့ ရာခိုင်နှုန်းအားဖြင့် ဆိုရင်တော့ အရမ်းကိုအားနည်းနေသေးတယ်။ ဘာကြောင့် လူငယ်တွေပါဝင်မှု အားနည်းနေလဲဆိုတာကို ပြန်ကြည့်မယ်ဆိုရင် ကျွန်မတို့က

၁။ သမိုင်းကိုကြည့်ရမယ်

၂။ လက်ရှိအခြေအနေ

၃။ လူငယ်တွေရဲ့စိတ်ဝင်စားမှု ဒီအချက်တွေပေါ့။

**သမိုင်းကိုကြည့်ရမယ်ဆိုတာက ဘာကိုဆိုလိုတာလဲရှင့်။**

သမိုင်းလို့ဆိုတဲ့အချိန်မှာ နိုင်ငံရေးလှုပ်ရှားလို့၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူဖြစ်လာလို့ ဘယ်လိုပြောမလဲ အတိတ်ကောင်းခဲ့တာ ကျွန်မတို့ မတွေ့ခဲ့ရဘူး။ ဖမ်းချုပ်တာတို့၊ ဒဏ်ရာရသွားတာတို့၊ ဘဝပျက်သွားတာတို့၊ ဒုက္ခိတ ဖြစ်သွားတာတို့ ဆိုတာတွေပဲ မြင်တွေ့ခဲ့ရတယ်။ အဲဒါကြောင့် မိဘတွေက အားမပေးရဲတော့တာ တစ်ခုပေါ့နော်။ ပြီးတော့ နောက်တစ်ဖက်မှာဆိုရင် ခေတ်အဆက်ဆက် သမိုင်းဆက်ပြီး ကြည့်မယ်ဆိုရင် အုပ်ချုပ်ရေးယန္တရားကို လူငယ်တွေ ဘာကြောင့် များများမရောက်သေးဘူးလဲဆိုတော့ အသက်အပိုင်းအခြား အကန့်အသတ်လဲရှိနေသေးသလို ကျွန်မတို့ မြန်မာနိုင်ငံမှာတော့ လူငယ်တွေ ဘယ်လောက်ပဲတော်တော် အရည်အချင်းနဲ့သွားနေတာမဟုတ်ဘဲ စီနီယာအလိုက် သွားနေတာ။ ဒါက အသက်ကြီးနေသူက အရင်ဆုံးမြင့်တဲ့နေရာကိုသွားတဲ့ ပုံစံဖြစ်နေတော့ ကျွန်မတို့လူငယ်တွေအတွက် အခွင့်အရေး အရမ်းနည်းတယ်။ အဲဒါကြောင့်လည်း တစ်ခုပေါ့နော်။

**ဒုတိယအချက်ဖြစ်တဲ့ လက်ရှိအခြေအနေ ဆိုတာလေးလည်း ရှင်းပြပေးပါ။**

လက်ရှိအခြေအနေဆိုတာက ဘာလဲဆိုတော့ ကမ္ဘာကို ပြောင်းလဲနိုင်တဲ့သူတွေကို ကြည့်လို့ရှိရင် သောက်နိုင်စားနိုင်တဲ့သူတွေများတာကို တွေ့ရတယ်။ ဒါပေမဲ့ ကျွန်မတို့ နိုင်ငံ အခြေအနေအရတော့ တစ်နေ့လုပ်မှ တစ်နေ့စားနိုင်တဲ့ အခြေအနေ ဖြစ်နေတယ်။ အဲတော့ ကိုယ့်ရဲ့စားဝတ်နေရေးအတွက်၊ ပညာရေး ကောင်းဖို့အတွက်တို့နဲ့ နစ်မြုပ်နေတဲ့အချိန် နိုင်ငံရေး အုပ်ချုပ်ရေးယန္တရားတွေ ဘယ်လောက်ပဲ ယိုယွင်းပျက်စီးနေလည်း ကျွန်မတို့ ပြောဖို့အားလည်း မရှိဘူး။ အချိန်လည်းမရှိဘူး။ ဦးခေါင်းလည်း မလှည့်နိုင်ဘူး။ တကယ့်ကို ပိုက်ဆံရှိသွားတဲ့သူတွေရဲ့ သားသမီးတွေ၊ လူငယ်တွေတော့လည်း ဒီနိုင်ငံရေး အရှုပ်မှာ မပါဝင်ချင်တော့ဘူး။ တကယ့် သူတို့ရဲ့အဆင့်မြင့် ပညာရေးအတွက် နိုင်ငံခြားသွားတယ်၊ ရန်ကုန်ကို သွားလိုက်တယ်။ အဲဒီတော့ ဒီမှာလုပ်နေတဲ့သူတွေက သာမန် လူတန်းစားတွေ။ ပြောချင်တာက တစ်နေ့လုပ်တစ်နေ့စားအတွက် သိပ်မပူရတဲ့သူတွေပဲ ပါဝင်နေတယ်။ ကျွန်မတို့ လုပ်ဖော်ကိုင်ဖက်တွေတောင်မှ စားသောက်ဖို့သိပ်မပူရပေမယ့်၊ ဒီလမ်းကြောင်းပေါ်မှာ ရပ်တည်ဖို့အတွက် ရုန်းကန်နေရတယ်။ ဖုန်းဘေလ်က အစ၊ ဆီဖိုးအဆုံးပေါ့နော်၊ ပြီးတော့ အစီအစဉ်တစ်ခုလုပ်မယ်ဆိုရင် ဘယ်လိုတွေ စီမံရမယ်ဆိုတာတွေပေါ့။ ဒီဒဏ်တွေကို ခံနိုင်ပါ့မလား။ လောလောဆယ် လူတန်းစားကွာဟမှုကြောင့် မပါဝင်နိုင်သေးတာလို့ ကျွန်မမြင်တယ်။

**လူငယ်ရေးရာပေါ်လစီ ရှိလာတဲ့အပေါ်မှာကော အစ်မအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

လူငယ်တွေနိုင်ငံရေးမှာ ပါဝင်ရမယ်ဆိုပြီး၊ လူငယ်တွေအတွက် သီးသန့်မူဝါဒ သတ်မှတ်ပြဌာန်းထားတာ မရှိဘူး။ အခုနောက်ပိုင်း ၂၀၁၇ ခုနှစ်မှာတော့ လူငယ်ရေးရာပေါ်လစီကတော့ ရှိလာပြီပေါ့နော်။ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်နိုင်ငံရေး အဲဒီလို ကဏ္ဍတွေ ရှိနေပေမယ့်လည်း အခုချိန်ထိ ကောင်းကောင်းမွန်မွန် အကောင်အထည် မဖော်နိုင်သေးဘူး။ ဘတ်ဂျက်ကလည်း ခုချိန်ထိ မကျသေးတာတွေ ရှိနေတယ်။

**ကချင်ပြည်နယ်အတွင်း လက်ရှိနိုင်ငံရေးမှာ ပါဝင်လှုပ်ရှားနေတဲ့ လူငယ်တွေက ပေါ်လစီရေးဆွဲတဲ့အခါ ထဲထဲဝင်ဝင် လှုပ်ရှား နေပြီလား။**

ကျွန်မတို့လှုပ်ရှားနေတဲ့သူတွေကလည်း ပေါ်လစီရေးဆွဲတဲ့နေရာမှာ မပါဝင်နိုင်သေးဘူး။ Ground Level မှာပဲ ရှိနေတယ်ပေါ့နော်။ ဒါက ကချင်ပြည်နယ်ရဲ့ အခြေအနေပေါ့။ ကျွန်မတို့ ကချင်ပြည်က ခေတ်အဆက်ဆက် ပြည်တွင်းစစ်ဖြစ်ခဲ့တာ။ အဲတော့ လူငယ်တိုင်းက စစ်မဖြစ်ချင်ဘူး။ ဒါတော့သိတယ်။ နိုင်ငံရေးမှာ ဘယ်လိုပါဝင်ရမလဲ။ ပါဝင်ရမယ့် လမ်းကြောင်းကဏ္ဍကို ကြည့်လိုက်ရင်၊ နိုင်ငံရေးမှာ ပါဝင်လှုပ်ရှားနေတဲ့သူတွေကို ကြည့်လိုက်ရင်လည်း သူတို့ အတုယူစရာတွေ မတွေ့ရတဲ့ဟာတွေရှိတယ်။ ဒါက ကျွန်မ ဘယ်ဖက်မှ မပါဘဲပြောနေတာပါ။ ဒီ နိုင်ငံရေးလုပ်နေသူရဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာတွေသို့ ကြည့်တယ်၊ ပြီးတော့ တစ်ဖက်မှာတော့ ဘယ်လောက်ထိ အခက်အခဲတွေရှိတယ်ဆိုတာကို ကြည့်ပြီး မပါဝင်ရဲကြဘူး။ ကချင်ပြည်နယ်က လူငယ်တွေက နိုင်ငံရေးဆိုတာ အရေးကြီးတာသိပေမယ့် သူတို့ကိုယ်တိုင် ထဲထဲဝင်ဝင် လုပ်ဆောင်မှု မရှိဘူး။

**နိုင်ငံရေးနဲ့ ပတ်သက်ပြီး လူငယ်တွေလုပ်ရှားမှု အများဆုံး နေရာက ကချင်ပြည်နယ်မှာဆို ဘယ်နေရာဖြစ်မလဲ။**

လူငယ်အများဆုံးရဲ့ လှုပ်ရှားမှုက ဘယ်မှာလဲဆိုတော့ အသင်းတော်ထဲမှာ များတယ်။ အခုဆိုရင် အသင်းတော်ရဲ့ Institution က အရမ်းခိုင်လာတယ်။ ဒါပေမဲ့လည်း တစ်

စာ ၁၂ သို့ . . .

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၁၄ ၊ ၂၀၂၀ )

# ဝိုင်းမော်မြို့ရှိ နန့်မြစ်ခတံတားဖွင့်လှစ်



ဖေဖော်ဝါရီ ၅

ဝိုင်းမော် မြို့နယ်၊ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် လမ်းရှိ နန့်မြစ်ခတံတားကို ဖေဖော်ဝါရီ၄ ရက်နေ့က ဖွင့်လှစ်ခဲ့ သည်။

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ကချင်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ခဲ့ကြသည်။

Ah Je

# မချမ်းဘောမြို့နယ်မှ တံတား ၂ စင်း ဖွင့်လှစ်



ဖေဖော်ဝါရီ ၃

မချမ်းဘောမြို့နယ်အတွင်းရှိ မချမ်းဘော့- ဖရုလ- နောင်မွန် လမ်းပိုင်းရှိ ထာခနှင့် ထီခ တံတားတို့ကို ဖေဖော်ဝါရီ ၃ ရက်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ခန်လင်နှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးညွန့်ဝင်း၊ ကချင်ပြည်နယ် ဥပဒေချုပ် ဦးဒီဆင်ရမ်တို့အဖွဲ့က တက်ရောက် ဖွင့်လှစ်ခဲ့ကြသည်။ ■

Aung Hkam

# မိုးမောက်တွင် ကျပ်သိန်း ၁၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ



ဖေဖော်ဝါရီ ၄

မိုးမောက်မြို့နယ်၊ ကျောက်စခန်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်တစ်စီးမှ ငွေကျပ်သိန်း ၁၇၀၀ ခန့် တန်ဖိုးရှိသော မူးယစ်ဆေးဝါးများကို ဖေဖော်ဝါရီ ၃ရက်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါများကို ဗန်းမော်မြို့နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၁)မှ ဒုရဲအုပ် ဖြိုးသူအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ စောင့်ဆိုင်းနေစဉ် လွယ်ဂျယ်မှ မိုးမောက်မြို့သို့ ဆိုင်းဆန်မိုင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာမှ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

မော်တော်ယာဉ်၏ အနောက်ဖက်ခြမ်း စက္ကူဂျပ်ဖာပုံးတွင် ထည့်ထားသော ရောင်စုံဆပ်ပြာခွက်များ အတွင်းမှ ကာလတန်ဖိုး ငွေကျပ်(၁၆၉၄)သိန်းရှိသော ဘိန်းဖြူအမှုန့် အလေးချိန် ၁၆၉၄ ဂရမ်ကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း မိုးမောက် မြို့မရဲစခန်းမှ သိရသည်။

ကားမောင်းနှင်လာသူမှ ၎င်းအနေဖြင့် လွယ်ဂျယ်မှ မြစ်ကြီးနားသို့ ပြန်မည်ဖြစ်ပြီး၊ လွယ်ဂျယ်မြို့ အူမားဘွမ်ကားဂိတ်မှ ဂိတ်မှူးနှင့် ဂိတ်စာရေးမတို့က မြစ်ကြီးနားမြို့ အဝေးပြေးကားဝင်းအတွင်းရှိ အူမားဘွမ် ကားဂိတ်သို့ ပို့ဆောင်ပေးရန် တင်ဆောင်ပေးလိုက်သည့် ပစ္စည်းများဖြစ်ကြောင်း ထွက်ဆိုရာ ဖမ်းဆီးရေးအဖွဲ့မှ လွယ်ဂျယ်လှုပ်ရှားအဖွဲ့သို့ ဆက်သွယ်ပြီး သွားရောက်ဖမ်းဆီး ရမိခဲ့ကြောင်း မိုးမောက်မြို့မရဲစခန်းမှ သိရသည်။

ထိုသို့ မူးယစ်ဆေးဝါးများ တင်ဆောင်လာသူ အမျိုးသားနှင့်အတူ၊ လွယ်ဂျယ်မြို့၊ အူမားဘွမ်ဂိတ်မှူးနှင့် ဂိတ်စာရေးမနှင့် မြစ်ကြီးနားမြို့နေသူ(စုံစမ်းဆဲ)တို့ကို မိုးမောက်မြို့မရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# ဖားကန့် မော်ရှန်တွင် Gas အိုး ပေါက်ကွဲကာ နေအိမ် ၅ လုံး မီးလောင်မှုဖြစ်ပွား

ဖေဖော်ဝါရီ ၃

ဖားကန့်မြို့နယ်၊ မော်ရှန်ကျေးရွာတွင် ဖေဖော်ဝါရီ (၂ ) ရက်နေ့ ည (၇)နာရီခွဲအချိန်က Gas အရောင်းဆိုင်တွင် Gas အိုး ဖြည့်နေစဉ် ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ဆိုင်ပိုင်ရှင်ဦးနိုင်ဦး ပိုင်ဆိုင်သည့် လူနေအိမ်တစ်လုံးနှင့်အတူ ပတ်ဝန်းကျင်ရှိ နေအိမ် ၄ လုံး စုစုပေါင်း နေအိမ် ၅ လုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ယင်းမီးလောင်မှုကို ဖားကန့်မြို့နယ် မီးသတ်စခန်းမှူးဦးစီးအရာရှိ ဦးချမ်းငြိမ်းသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း၍ ငြိမ်းသတ်ခဲ့ရာ ည ၈ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍အရောင်းဆိုင်ပိုင်ရှင်ဦးနိုင်ဦးကို လုပ်ငန်းခွင် ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားစေသည့်အတွက်ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းကပြစ်မှုဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မွန်းမွန်းပန်

## Photo News

**ဖေဖော်ဝါရီလ ၅ရက်နေ့တွင် ကျရောက်သော အကြိမ် (၆၀)မြောက် ကချင်တော်လှန်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ဆုတောင်းပွဲ အစီအစဉ်ကို မြစ်ကြီးနားမြို့ ဂျော်ဘွမ် ဆုတောင်းတောင်တွင် ကျင်းပပြုလုပ်ခဲ့သည်။**



*စာ ၁၁ မှ အဆက် . . .*

ဖက်မှာ နိုင်ငံဆိုတဲ့ဘောင်ထဲမှာ လူငယ်တွေရဲ့ပါဝင်မှုကတော့ ခုချိန်ထိ ရာခိုင်နှုန်း တက်မလာသေးဘူး။

**အမျိုးသမီး လူငယ်တွေ နိုင်ငံရေး တက်ကြွလှုပ်ရှားမှုမှာရော ဘယ်လိုအခြေအနေရှိတယ်လို့ အစ်မမြင်မိပါသလဲ။**

အမျိုးသမီးလူငယ်တွေ နိုင်ငံရေးမှာ လှုပ်ရှားသူက အရမ်းရှားတယ်။ အမျိုးသမီးတွေက ပိုပြီးမှ အတားအဆီးများတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့က လူငယ်အမျိုးသမီးတွေဆိုရင် တစ်ခါတလေ ကိုယ့်ရဲ့ချစ်သူတို့၊ ဘဝလက်တွဲဖော်တို့က နားမလည်ပေးနိုင်ဘူးဆိုရင် မိန်းကလေးတွေအနေနဲ့ နိုင်ငံရေးမှာ လှုပ်ရှားပါဝင်ဖို့ ခက်ခဲတယ်။ ပြီးတော့ အမျိုးသားတွေနဲ့ရင်ဆိုင်ပြီး စကားပြောဆိုရတယ်။ အိမ်မှုကိစ္စတွေ ရှိတာရယ်၊ အချိန်မပေးနိုင်တာရယ် ဒါတွေက ကျွန်မတို့ အမျိုးသမီးတွေရဲ့ တော်တော်များများ မခံနိုင်တဲ့အရာ ဟုတ်တယ်။ အဲဒါတွေက မိန်းကလေးတွေ ကြုံနေရတဲ့ ပုဂ္ဂိုလ်ရေးရာပိုင်းတွေပေါ့နော်။ ကျွန်မတို့ရဲ့ ကချင်အသိုင်းအဝိုင်းစကားပုံတစ်ခုရှိတယ်။ အမျိုးသမီး မိန်းကလေးရဲ့စကားနားမထောင်နဲ့ (Num Ma ga hkum madat)အမျိုးသမီးဆိုပြီး တစ်ခါနှိမ်လိုက်တယ်။ ဒုတိယတစ်ခါ ကလေး၊ "ဒါကလေးစကားပါ"ဆိုပြီး တစ်ခါပြန်နှိမ်တယ်။ အဲဒီတော့ ကျွန်မတို့ အမျိုးသမီး၊မိန်းကလေးတွေပြောတဲ့စကား တော်တော်များများ သူတို့နဲ့ အတိုက်အခံ ဖြစ်လာပြီဆိုရင် ကျွန်မတို့ရဲ့အသိုင်းအဝိုင်းက 'သူနဲ့မတူ ကိုယ့်ရန်သူ'လို့ပဲ အယူအဆအမြင်သဘောထားကို ကိုင်ထားကြတာ။ ဒါကြောင့် အမျိုးသမီးတစ်ယောက်အနေနဲ့ ယုံကြည်မှုရဖို့ခက်ခဲသလို၊ လုပ်ဆောင်ရတာလည်း အရမ်းခက်ခဲတယ်။ အဲဒီတော့ ဒီအရာတွေကို ကျော်ဖြတ်ဖို့ဆိုရင်တော့ တကယ့်ကို ခံဝန်ချက်ကတိကဝတ်ရှိတဲ့ စိတ်ရင်းပိုင်ရှင်တစ်ယောက်မှ ကြံ့ကြံ့ခံရပ်တည်နိုင်မှာပေါ့နော်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကြည့်လိုက်ရင်လည် အမျိုးသမီးပါဝင်မှုက အရမ်းကို နည်းပါးနေတယ်။ ခုချိန်မှာ ရာခိုင်နှုန်း ဘယ်လောက်လို့ လုပ်နေပေမယ့် ခုချိန်ထိလက်တွေ့က ဖြစ်မလာသေးဘူး။

**ကချင်ပြည်နယ်က လူငယ်တွေရဲ့ပြဿနာက ဘာလို့ထင်ပါသလဲ။**

လောလောဆယ် ကချင်ပြည်နယ်မှာရှိတဲ့ လူငယ်တွေရဲ့ အနေအထားက အလုပ်အကိုင်ရှားပါးမှုပြဿနာပဲ။ အလုပ်အကိုင် ရှိလာတော့လည်း ကျွန်မတို့လူငယ်တွေက အဆင်သင့်မဖြစ်သေးတာ။ ဥပမာ ကချင်ပြည်နယ်က လူငယ်တွေ Microsoft pakages ပိုင်တဲ့သူတွေ လာခဲ့ကြပါ၊ အင်္ဂလိပ်စကားအပါအဝင် ဘာသာစကား ၃ခုလောက် ကျွမ်းကျင်တဲ့သူတွေ လာခဲ့ကြပါဆိုရင်တောင် ကျွန်မတို့ ကချင်ပြည်နယ်မှာ ရှိနေတဲ့ လူငယ်တွေက ဒီစံနှုန်းတွေနဲ့ကိုက်ညီဖို့ အရမ်းလိုအပ်နေသေးတယ်။

**ကချင်ပြည်နယ်မှာရှိတဲ့ လူငယ်တွေကို အကြံပေး ပြောပြချင်တဲ့ စကားကိုလည်း ပြောပေးပါဦး။**

အကြံပေးချင်တယ်ဆိုတာထက် ဖိတ်ခေါ်ချင်တာ။ ကျွန်မတို့ ကချင်ပြည်နယ်ဆိုရင်လုပ်ဆောင်စရာအများကြီးရှိတယ်။ ပြည်တွင်းစစ်ကြောင့် တိုက်ပွဲရှောင်နေတဲ့ ပြည်သူတွေ ရှိတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပညာရေး၊ မူယစ်ဆေးဝါး စတဲ့ ကိစ္စရပ်တွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် နိုင်ငံရေးလို့ပြောလိုက်ရင် အရမ်းကြီးတွန့်ဆုတ်မနေဘဲ၊ ကိုယ် ဘယ်လိုကဏ္ဍမှာ ပါဝင်လို့ရသလဲ ဆိုတာကို ကြည့်ပြီး ပါဝင်သင့်တယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ပါ။ ရှေ့မှာပြောသွားတဲ့ ကဏ္ဍတွေမှာ ပါဝင်နိုင်ဖို့ ကြိုးစားရအောင်လို့ ပြောချင်ပါတယ်။

**အစ်မအနေနဲ့ ဖြည့်စွက်ပြောချင်တဲ့စကားရှိရင် ပြောပေးပါဦး။**

ဖြည့်စွက်ပြောရမယ်ဆိုရင် လူငယ်နိုင်ငံရေးမှာ ဘာကြောင့် မပါဝင်တာလဲလို့မေးလာတဲ့အချိန်မှာ ဒီလူငယ်တွေပါဝင်ဖို့ဆိုတာ ကျွန်မတို့လူငယ်တွေပဲ နေရာတိုးနေလို့မရဘူး။ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့တွေမှာ လူငယ်တွေကို များများ လက်တွဲခေါ်ပေးပါလို့ ပြောချင်ပါတယ်။ ■

# ပထမဦးဆုံးအကြိမ် ကချင်ပြည်နယ် တက္ကသိုလ်ကျောင်းသားများ နီးနှောဖလှယ်ပွဲအစီအစဉ် (Kachin State Universities Exchange Program) လျှောက်ထားနိုင်



ဖေဖော်ဝါရီ ၁၀

မြစ်ကြီးနား တက္ကသိုလ် ကျောင်းသားလူငယ်များမှ ဦးဆောင်ပြုလုပ်သည့်ပထမဦးဆုံးအကြိမ် တက္ကသိုလ်ကျောင်းသားများ ဖလှယ်မှု အစီအစဉ်အတွက် စိတ်ပါဝင်စားသည့် ကချင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်များမှ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ဖေဖော်ဝါရီ(၁၀)ရက်မှ စတင်စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ပထမဦးဆုံး အကြိမ် တက္ကသိုလ် ကျောင်းသားများဖလှယ်မှု အစီအစဉ်ကို မြစ်ကြီးနား တက္ကသိုလ် အင်္ဂလိပ်စာ လေ့လာမှုကလပ် (Myitkyina University English Study Club) က အဓိက ဦးစီးပြုလုပ်ခြင်းဖြစ်ပြီး ဧပြီ ၁၉ရက် မှ ၂၄ ရက်အထိ (၆)ရက်ကြာ မြစ်ကြီးနားတက္ကသိုလ် ဝင်းအတွင်း အခမဲ့ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်များတွင် နေ့သင်တန်း တက်ရောက်နေသည့် မည်သည့်ကျောင်းသားမဆို လျှောက်ထားနိုင်ပြီးကျောင်းအလိုက်ကျောင်းသားဦးရေ(၅၀)အထိ အချိုးကျ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖလှယ်မှုအစီအစဉ်တွင် ခေါင်းဆောင်မှုပိုင်းဆိုင်ရာနှင့် သက်ဆိုင်သည့် သင်ခန်းစာများကို အဓိကထား ပို့ချသွားမည် ဖြစ်ပြီး စိတ်ခံစားချက် ထိန်းချုပ်မှု၊ စီမံချက် စီမံခန့်ခွဲမှု၊ အသင်းအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်မှုစသည့် ကိုယ်ပိုင်အရည်အသွေး တိုးတက်မြင့်မားမှုစေမည့် အတွေ့အကြုံများအပြင် ပညာတော်သင် အခွင့်အလမ်းများနှင့် လူငယ်များ၏ အခွင့်အလမ်းပိုင်း ဆိုင်ရာများကိုလည်း ဝေမျှပေးသွားမည် ဖြစ်ကြောင်း Program Coordinator ကိုဟိန်းဇေယျာနိုင်က ပြောသည်။

“ဒီက ကျောင်းသူကျောင်းသားတွေ ဆိုရင် ပညာရေးနဲ့ သက်ဆိုင်တဲ့ အခွင့်အရေးပိုင်း ဆိုင်ရာတွေ သိပ်မသိကြဘူး။ ဒီအစီအစဉ်မှာ ဗဟုသုတပိုင်းဆိုင်ရာမျှဝေမှုတွေ၊ ယဉ်ကျေးမှုပိုင်း ဖလှယ်မှုတွေ၊ လေ့လာရေးခရီးတွေ ထွက်ဖို့လည်း စီစဉ်ထားပါတယ်” ဟု ၎င်းက ပြောသည်။

ဖလှယ်မှု အစီအစဉ်ကာလအတွင်း De Dee (Burmese), The door Institute founder ကိုရန်နိုင်ဦး၊ အဓိပတိပညာရေးတည်ထောင်သူ ကိုအောင်မြင်သူတို့မှ လာရောက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း လူငယ်ရေးရာကဏ္ဍကို တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူငယ်များအကြား အပြုသဘောဆောင်သောပြောင်းလဲမှု ပြုလုပ်လိုခြင်းကြောင့် ယခုကဲ့သို့ အစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အစီအစဉ်ဒါရိုက်တာ မဆိုင်းလုလုအောင်က ပြောသည်။


“တက္ကသိုလ် အသီးသီးမှာ ပညာသင်ကြားနေတဲ့ ကျောင်းသားတွေအနေနဲ့ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စိတ်ရှိကြမယ်လို့ ယုံကြည်တယ်။ စိတ်အားထက်သန်တဲ့ လူငယ်တွေကို ကွန်ရက်အကြီးကြီး ပြုလုပ်ပေးတဲ့ အစီအစဉ်လေးတစ်ခု ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ယခု အစီအစဉ်ကို ကျောင်းသား လူငယ်များမှ ပထမဦးဆုံးအကြိမ် ဦးဆောင်ကျင်းပခြင်း ဖြစ်ရာ၊ အစီအစဉ် ဖြစ်မြောက်ရေးအတွက် ဘဏ္ဍာရေးအခြေအနေ အခက်အခဲများ ရှိနေပြီး၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လူငယ်များကို ပံ့ပိုးပေးရာတွင် ပံ့ပိုးကူညီစေလိုကြောင်း အစီအစဉ်ဘဏ္ဍာရေးတာဝန်ခံ မဂျာနူးအောင်က ပြောသည်။

အစီအစဉ်လျှောက်လွှာကို Kachin State Universities Exchange Program ဖေ့ဘုတ်ပေ့ချ်တွင် တင်ပေးသွားမည်ဖြစ်ပြီး လျှောက်ထားလိုသူများ အနေဖြင့် ကိုယ်ရေးအကျဉ်း၊ အစီအစဉ်သို့ ပါဝင်တက်ရောက်လိုသည့် ရည်ရွယ်ချက် စသည်တို့ဖြင့် ဝင်ရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။ ■

Ann

# အခြေခံပညာ ကျောင်းတွင်းစစ် အတန်းစာမေးပွဲများကို မတ်လ ၄ ရက်တွင် ကျင်းပမည်



ဖေဖော်ဝါရီ ၇

အခြေခံပညာ ကျောင်းတွင်းစစ်အတန်းများ ဖြစ်သည့် KG, Grade 1, Grade 2, Grade 3, Grade 6, Grade 7, Grade 8, Grade 10 အတန်းများ၏ စာမေးပွဲများကို မတ်လ ၄ရက်မှ ၁၀ရက်ကြား ဖြေဆိုရန် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားထားကြောင်း ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းတွင်းစစ် အတန်းများ၏ စာမေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် အတည်ပြုပြီး သက်ဆိုင်ရာကျောင်းအလိုက် ရက်သတ်မှတ် ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်စစ် စာမေးပွဲဖြစ်သည့် Grade5(စတုတ္ထတန်း) နှင့် Grade 9 (အဋ္ဌမတန်း) စာမေးပွဲများကို ဖေဖော်ဝါရီ ၂၄မှ ၂၉ရက်ထိဖြေဆိုရမည်ဖြစ်သည်။ Grade 5 (စတုတ္ထတန်း)နှင့် Grade 9 (အဋ္ဌမတန်း) စာမေးပွဲကာလအတွင်း ကျန်အတန်းများဖြစ်သည့် ကျောင်းတွင်းစစ် အတန်းများသည် ပုံမှန်အတိုင်း ကျောင်းတက်ရောက်ရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာ မေလ ၁၁ ရက်မှ ၂၀ ရက်ထိ ဖြေဆိုရမည် ဖြစ်သည်။

ကျောင်းတွင်းစစ် အတန်းများ၏ စာမေးပွဲရက်ကို ပညာရေးဝန်ကြီးဌာန၏ညွှန်ကြားထားသည့် မတ်လ ၄ ရက်မှ ၁၀ ရက်အတွင်း ကျောင်းအလိုက် စာမေးပွဲရက် သတ်မှတ်မည်ဖြစ်သောကြောင့် တစ်ကျောင်းနှင့်တစ်ကျောင်း စာဖြေရက် အနည်းငယ်စီ ကွဲလွဲနိုင်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကနဦးတွင် ကျောင်းတွင်းစစ် အတန်းများ၏ စာမေးပွဲရက်ကို တက္ကသိုလ်ဝင်တန်းစာမေးပွဲပြီးချိန် မတ်လ ၂၃ မှ ၂၅အထိ စစ်ဆေးရန် သတ်မှတ်ခဲ့သော်လည်း နိုင်ငံအတွင်း ကန့်ကွက်မှုများကြောင့် ပြင်ဆင်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီ လကုန်အထိသာ ဖွင့်လှစ်လေ့ရှိသည့် ကျောင်းတွင်းစစ် အခြေခံပညာတန်းများကို စာသင်ကာလ မတ်လကုန်အထိ တိုးမြှင့်လိုက်မှုကို ကန့်ကွက်သည့် ဖဲကြိုးစိမ်းလှုပ်ရှားမှုများကို နိုင်ငံအနှံ့ ပြုလုပ်လာမှုကြောင့် ယခုကဲ့သို့မတ်လဆန်းအပြီး စာမေးပွဲစစ်ဆေးရန် ပြန်လည် ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။ ■

Ann







မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၁၄၊ ၂၀၂၀)

# မြန်မာ–တရုတ်နယ်စပ် ကန်ပိုင်တည်မြို့တွင်

## အဆင့်မြင့် အပူချိန်တိုင်းတာသည့် စက်ဖြင့် ဝူဟန်ဗိုင်းရပ်စ် စစ်ဆေးနေ



ဖေဖော်ဝါရီ ၄

ဝိုင်းမော်မြို့နယ်၊ မြန်မာ-တရုတ်နယ်စပ် ကန်ပိုင်တည်မြို့တွင် အဆင့်မြင့် အပူချိန် တိုင်းတာစက်ဖြင့် နယ်စပ်မှ ဖြတ်သန်းသွားလာသူများကို စစ်ဆေးနေပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး အေးသိန်းက ပြောသည်။

ကော်ရိုနာဗိုင်းရပ်စ် ခေါ် ဝူဟန်ဗိုင်းရပ်နှင့် ပတ်သက်ပြီး ကချင်ပြည်နယ်အတွင်း ကူးစက်ဝင်ရောက်လာမည်ကို ဟန့်တားနိုင်ရန်အတွက် ဇန်နဝါရီလ ၂၆ ရက်နေ့မှ စတင်ပြီး စစ်ဆေးလျက်ရှိသည်။

"အလိုအလျောက် တိုင်းတဲ့စက်ဖြစ်တဲ့အတွက် လူရဲ့ ခန္ဓာကိုယ်နဲ့ ထိတွေ့စရာမလိုတော့ဘဲ မော်နီတာကနေ ကြည့်ပြီးတော့ တိုင်းလို့ရတယ်။ သတ်မှတ်ထားတဲ့ အပူချိန်ထက်ကျော်ရင် စက်က အချက်ပေးတယ်။ အဲဒါကြောင့်မို့လို့ လွယ်လွယ်ကူကူ ရောဂါပိုးရှာနိုင်ပါတယ်"ဟု ဒေါက်တာအေးသိန်းက ရှင်းပြသည်။

ရောဂါစစ်ဆေးမှုကို အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်သူများ ရှိခဲ့ပါက ရောဂါလက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်း၊ ဖျားနာခြင်းများ ရှိ/မရှိ စစ်ဆေးကာ စောင့်ကြည့်လူနာအဖြစ် ဆေးရုံသို့ သီးသန့်ခေါ်ဆောင်သွားမည်ဖြစ်ပြီး လိုအပ်ပါက ခတ်ခွဲခန်းသို့ ပို့ဆောင်မည် ဖြစ်ကြောင်း ဒေါက်တာအေးသိန်းက ဆက်လက်ပြောပြသည်။


ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ စတင်စစ်ဆေးချိန်မှ စတင်ပြီး ဝူဟန်ဗိုင်းရပ်စ် ရောဂါနှင့် ပတ်သက်ပြီး ကန်ပိုင်တည် နယ်စပ်ဂိတ်တွင် သံသယရှိလူနာ တစ်စုံတစ်ယောက်မျှ မတွေ့ရှိရသေးကြောင်းလည်း ဒေါက်တာအေးသိန်းက ဆိုသည်။

အထက်ပါကူးစက်ရောဂါသည် တရုတ်နိုင်ငံ၊ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့ပြီး နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ ကူးစက်ပြန့်နှံ့နေပြီး ယနေ့အချိန်ထိ သေဆုံးသူဦးရေ တစ်ထောင်ကျော်အထိရှိပြီဖြစ်ကြောင်းလည်း သိရသည်။ ■

Ah Je

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာ–တရုတ် နယ်စပ်ရှိ

## စစ်ဘေးရှောင်များ စိုးရိမ်နေ



ဖေဖော်ဝါရီလ ၁၁

ကချင်ပြည်နယ် မြန်မာ-တရုတ်နယ်စပ်ရှိ စစ်ဘေးရှောင်များသည် ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်လာမည်ကို စိုးရိမ်နေရကြောင်း ကချင်စစ်ဘေးရှောင်များကို ကူညီထောက်ပံ့ပေးနေသည့် အနုပညာပိုးတံဘတ် (Shingni N bat) အဖွဲ့မှ ဒေလဖိုင်နန်ပရီက ပြောသည်။

"တကယ်တမ်း ဖြစ်လာရင်က ဘာမှတတ်နိုင်မှာ မဟုတ်ဘူး၊ တိုးတက်နေတဲ့ တရုတ်ပြည်မှာ ရှိတဲ့လူတွေတောင်မှ သူတို့ရဲ့ ပညာတွေနဲ့ ပိုက်ဆံတွေနဲ့ ခုခံရင်တောင် သေနေကြတာပဲလေ။ စစ်ရှောင်တွေက တစ်နေ့နဲ့တစ်နေ့ နပ်မှန်ဖို့တောင် မနည်းကြိုးစားနေရတာ။ ဒါမျိုးရောဂါဖြစ်လာရင်က သေရုံကတစ်ပါးဘာမှမရှိဘူး"ဟု ဒေါ်နန်ပရီက ပြောသည်။

စစ်ရှောင်စခန်းများတွင် တရုတ်နိုင်ငံသို့ အလုပ်လုပ်ရန် ဝင်ထွက်သွားလာနေသောသူများရှိသကဲ့သို့ ကိုရိုနာဗိုင်းစ်ကြောင့် တရုတ်နိုင်ငံတွင်း ပိတ်မိနေသောသူများလည်းရှိနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

စစ်ရှောင် ပြည်သူများသည် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်း၊ ကျန်းမာရေး အသိပညာ ပေးခြင်းများ လုပ်ပေးခြင်းတို့ လိုအပ်နေကြောင်း ဒေါ်နန်ပရီက အကြံပြုပြောကြားသည်။

မြန်မာ-တရုတ် နယ်စပ်တွင် နေထိုင်နေသည့် စစ်ဘေးရှောင် လူဦးရေတစ်သောင်းကျော်ရှိကြောင်း သိရသည်။ ■

Ah Je

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံတွင်ကျင်းပမည့် မနောင်ပွဲတော်ကြီးကို ရက်ရွှေ့ဆိုင်း



မြစ်ကြီးနား၊ ဇန်နဝါရီ ၂၈

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါ ပြန့်ပွားနေမှုကြောင့် တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်တွင် ကျင်းပမည့် နိုင်ငံတကာကချင်ရိုးရာမနောင်ပွဲတော်ကြီးကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

မနောင်ပွဲတော်ကို ဖေဖော်ဝါရီလ(၇)ရက်နေ့မှ(၉)ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားရာမှ ယခုကဲ့သို့ ရက်ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်။

ယူနန်ပြည်နယ်တွင် အရေးပေါ် ပြည်သူ့ကျန်းမာရေးအခြေအနေ ညွှန်ကြားချက်အရ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကာကွယ်ရေးလုပ်ငန်း တိုးမြှင့်ရန်၊ လူအများစုစည်းပြီး ရောဂါကူးစက်ခြင်းအန္တရာယ်ကို လူအများစုစည်းပြီး ထိရောက်စွာ ရှောင်ကြဉ်ရန်၊ ပြည်သူလူထု၏ ဘဝလုံခြုံရေးနှင့် ကိုယ်ခန္ဓာကျန်းမာရေးကို ကောင်းမွန်စေရန်အတွက် ပြည်နယ်ခွဲပါတီကော်မတီ၊ ပြည်နယ်အစိုးရ၏ သဘောတူညီမှုအရ ယင်းမနောပွဲတော်ကို ရက်ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်ကြောင်း တက်ဟုန်မနောင်ပွဲတော် ဖွဲ့စည်းရေး ကော်မတီရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူစည်ကားသည့် နေရာများ ရှောင်ရှားရန်၊ စုံညီပွဲများ၊ မိတ်ဆုံစားပွဲစသည့် လူအများ တစ်စုတစ်ဝေးစုစည်းခြင်းကို မလုပ်ဆောင်ကြရန် ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်ပရေးရာဌာနကလည်း ဇန်နဝါရီလ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာထားသည်။

လက်ရှိ တယ်ဟုန်ပြည်နယ်တွင် ရောဂါကာကွယ်ရေးအတွက် ရှမ်း၊ ကချင်စာများဖြင့် ရေးသားထားသည့် ရောဂါကာကွယ်ရေးဆိုင်ရာ ဗဟုသုတ လက်ကမ်းစာစောင်များကို ပြည်သူလူထုထံ ဖြန့်ဝေခြင်း၊ ပိုစတာများ ကပ်ခြင်းကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။


ဝူဟန်ပြည်နယ်မှ စတင်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုနှုန်းက ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ဖေဖော်ဝါရီလ (၁၀) ရက်နေ့အထိ စာရင်းများအရ နိုင်ငံပေါင်း(၂၅)နိုင်ငံတွင် ဝူဟန်ဗိုင်းရပ်စ်ကူးစက်လူနာ ၄၀၃၉၀ ဦး နှင့် သေဆုံးသူပေါင်း ၁၀၁၆ ဦး ဖြစ်ကြောင်း CNN သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ■

Benadeth

# ဂုဏ်ယူနေရုံလောက်နဲ့ မလုံလောက်တဲ့ သားရှင်တွေရဲ့အခန်းကဏ္ဍ

*"တကယ်တော့ မုဒိမ်းကောင်မဖြစ်သင့်ဘဲနဲ့ ပြည်သူလူထုရဲ့ သွန်သင်မှုတွေ၊ မိဘတွေရဲ့ပျိုးသွင်းမှုတွေပဲ သူတို့ကို မုဒိမ်းကောင်ဖြစ်ဖို့တွန်းပို့တာပါ။ တကယ်ဆို မုဒိမ်းကောင်တွေ မရှိရင် မုဒိမ်းမှုဆိုတာ မရှိဘူး။ အဲဒီတော့ မုဒိမ်းကောင်တွေ မမွေးမိအောင်၊ မုဒိမ်းကောင်တွေ ဖြစ်မလာအောင် မိဘတွေက၊ ပတ်ဝန်းကျင်က ကြိုတင်တားမြစ်ပေးဖို့ ပညာပေးတတ်ဖို့ လိုပါတယ်"*

**ရှင်ငြိမ်း** ရေးသားသည်



မနက်အာရုဏ်မလင်းမီ အိပ်ယာကနိုးထလာတာနဲ့ ထမင်းချက်၊ ဈေးသွား၊ ဆွမ်းတော်တင်၊ အိမ်သားတွေအတွက် နံနက်စာပြင်၊ အိုးခွက်ပန်းကန်ဆေး၊ အိမ်သန့်ရှင်းရေးတွေ လုပ်ပြီးတာနဲ့ အဝတ်တွေ ဆပ်ပြာရေစိမ်၊ သမီးလေးကို ချော့မြှူထိန်းကျောင်း၊ ပြီးရင် ရေချိုးပေး၊ နို့တိုက်၊ တစ်ရေးပြန်သိပ်၊ တစ်နေကုန် အိမ်အလုပ်တကုတ်ကုတ်နဲ့ မနားရတဲ့ ဘဝကို တစ်ခါတလေစိတ်ပျက်မိတတ်သူကတော့ မကျော့ကျော့မေပဲ ဖြစ်ပါတယ်။

နေ့ခင်းဘက်မှာ ဘယ်အချိန်ရှိမှန်း နာရီမကြည့်မိပေမယ့်၊ ဝမ်းဗိုက်ထဲက တဂွီဂွီ တဂွမ်ဂွမ် အသံမြည်လာမှ၊ ထမင်းစားဖို့ ဇလုံဆွဲပြီး ထမင်းဟင်းပုံကာ စားမယ်ပြင်တိုင်း ပုခက်ထဲက သမီးငယ်လေးရဲ့ တအင့်အင့်၊ တအဲ့အဲ့ လူးလွန့်နိုးလာသံကြောင့် ထမင်းဇလုံကို ဘေးသို့ပြန်ချ၊ သမီးငယ်ကို ချီယူနို့တိုက်ရင်း ထမင်းမဝခင် ရပ်လိုက်ရတဲ့အဖြစ်တွေကလည်း နေ့စဉ်တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါ။

ဒီအချိန်မှာ နို့စို့နေတဲ့ သမီးငယ်လေးကို ငုံ့ကြည့်ရင်း သူ့မှာ အတွေးတစ်စ ဝင်လာပါတယ်။ သမီးငယ်လေး ကြီးလာရင် အိမ်ထဲမှာ အိမ်အလုပ်တွေ လက်မလည်အောင် လုပ်ရင်း ထမင်းစားချိန်တောင် မသိတော့တဲ့ သူ့အမေလို အိမ်ရှင်မတစ်ဦး ဖြစ်လာမှာလား။ ဒါမှမဟုတ် သူ့ဝါသနာပါရာ အနုပညာ၊ အားကစား၊ အခြားအတတ်ပညာ တစ်ခုခုကို ထူးချွန်အောင် လေ့လာသင်ကြားပြီး သူ့ဘဝကို သူစိတ်ဝင်စားတဲ့ အလုပ်တွေနဲ့ လျှောက်လှမ်းခွင့်ရတဲ့ မိန်းကလေးတစ်ယောက် ဖြစ်မလား။

သားကြီး ကိုယ်ဝန်ရတော့ "သားယောက်ျားလေး"လို့သိတာနဲ့ ဝမ်းအသာကြီးသာပြီး၊ ဂုဏ်ယူမဆုံးဖြစ်နေတဲ့ ခင်ပွန်းသည်ကြောင့် သူလည်း ကျေနပ်ပျော်ရွှင်ခဲ့တယ်။ သားမမွေးခင်ကတည်းက သူ့ပညာရေးအတွက် နိုင်ငံတကာအဆင့်မီ မူကြိုကျောင်းစထားဖို့၊ လင်မယားနှစ်ယောက်တိုင်ပင်ခဲ့ကြပြီးငယ်စဉ်ကတည်းက ဘာသာစကားများများသင်ကြားပေးဖို့၊ မူကြိုတက်ကတည်းက အင်္ဂလိပ်စာအပြင် တရုတ်စာပါ တွဲသင်ပေးဖို့အထိ စိတ် ကူးယဉ်ခဲ့ကြပါတယ်။ တကယ်မွေးလာတော့လည်း မူကြိုအရွယ်မှာတင် သူကြံ့ခိုင်ကျန်းမာဖို့ အားကစားကို အချိန်ပေးစေသလို ဂီတအနုပညာပိုင်းမှာလည်း ကလေးဝါသနာအရလုပ်နိုင်အောင် ဆောင်ရွက်ပေးဖို့ လင်မယားနှစ်ယောက် စိတ်တူကိုယ်တူ ဆောင်ကျဉ်းပေးခဲ့ကြတယ်။

သားကြီး မွေးပြီးတော့ ကလေးထပ်မယူတော့ဖို့ နှစ်ဦးသား ဆုံးဖြတ်ထားပေမယ့် သမီးလေးကိုယ်ဝန်ထပ်ရလာတော့ လင်မယားနှစ်ယောက် သားနဲ့သမီးဆိုလည်း ပြည့်စုံတာပေါ့ဆိုပြီး နှစ်သိမ့်နိုင်ခဲ့ကြပါသေးတယ်။

ဒါပေမဲ့ သားကြီးမျက်နှာကိုကြည့်ပြီး "အား"တစ်ခုအဖြစ် မှတ်ယူထားတဲ့ သူတို့လင်မယားနှစ်ယောက် အတွက် သမီးငယ်လေးကျတော့ မျှော်လင့်ချက်တွေ၊ အားတက်မှုတွေနဲ့ မွေးဖွားလာခဲ့တာ ဟုတ်ပါရဲ့လားလို့ ကိုယ့်ကိုယ်ကို မေးခွန်းတွေ ပြန်မေးမိတယ်။

သမီးလေး မွေးလာချိန်က သက်ငယ်မုဒိမ်းမှုတွေ တဖြည်းဖြည်း ထူပြောလာချိန်၊ အထူးသဖြင့် နိုင်ငံကျော် "နေပြည်တော်က ဗစ်တိုးရီးယားလေးအမှုလို၊ မူကြိုအရွယ်မှာတင် လုံခြုံပါတယ်" ဆိုတဲ့မူကြိုကျောင်းထားရင်း ဖြစ်ခဲ့ ရတာဆိုတော့ လရင့်လာတဲ့ ကိုယ်ဝန်နဲ့အတူ မွေးလာမယ့် သမီးလေးအတွက် လင်မယားနှစ်ယောက်စလုံး စိုးရိမ်သောကတွေ တဖြည်းဖြည်းနဲ့ ဖြစ်လာရပြီ။

မွေးလာတဲ့ သမီးငယ်လေးအပေါ် အများကြီး မျှော်လင့်မထားသလို သူ့ဘဝလေး အေးချမ်းလုံခြုံနေရုံနဲ့ ပြည့်စုံလုံလောက်ပါပြီလို့သာ လင်မယားနှစ်ယောက်စလုံး ပြိုင်တူယူဆမိပြီ။ သမီးမိန်းကလေးဆိုတာ မိခင်အနားမှာ ရှိနေတာ အကောင်းဆုံးလို့ လင်မယားနှစ်ယောက် အတွေးတွေ တူခဲ့ပြီ။

အိမ်နီးချင်းဖြစ်တဲ့ သမီးနှစ်ယောက်အမေ ဒေါ်ထွေးထွေးကလည်း "အိမ်ကသမီးတွေကိုတော့ အိမ်ကလူတစ်ယောက်ယောက် မပါဘဲ ဘယ်မှမလွှတ်ဘူး။ အိမ်ထဲမှာပဲ နေခိုင်းတယ်။ သူစိမ်းနဲ့လည်း မထည့်ဘူး" ဆိုပြီး သူတို့ လင်မယားရဲ့ စိုးရိမ်မှုတွေကို အတည်ပြုပေးပြန်တယ်။

ဒါပေမဲ့လည်း ကံအားလျော်စွာ Gender လို့ခေါ်တဲ့ ကျား/မရေးရာ အမြင်ဖွင့် သင်တန်းတစ်ခုကို မမျှော်လင့်ဘဲ ရောက်သွားချိန်မှာတော့၊ သူတို့ရဲ့သမရိုးကျစဉ်းစားချက်တွေဟာ ပြန်လည်ဆင်ခြင်သုံးသပ်စရာ ဖြစ်နေပြီလို့ မကျော့ကျော့မေ နားလည်လာခဲ့ပါတယ်။

"တကယ်ကငါ့သားလေး မုဒိမ်းကောင် မဖြစ်ရအောင်လို့ စဉ်းစားရမယ့်အစား တစ်ခုခုဆို သမီးမိန်းကလေးကို စိတ်ပူ၊ တစ်ခုခုဆို မိန်းကလေးကို စိတ်မချ၊ တစ်ခုခုဆိုမိန်းကလေးကိုပဲ ထိန်းချုပ်ဖို့လုပ်။ အဲဒီလိုထိန်းချုပ်ဖို့ လုပ်လေလေ ဟိုဘက်က မုဒိမ်းကောင်တွေက လွတ်နေလေလေ"လို့ အမျိုးသမီးအရေး လှုပ်ရှားဆောင်ရွက်နေတဲ့ "အခရာ" အမျိုးသမီးအဖွဲ့ တည်ထောင်သူ ဒေါ်ထားထားက ထောက်ပြခဲ့တာပါ။

"တကယ်တမ်းက သားယောက်ျားလေးတွေကို သားသားမေမေမှာ ရှိသလိုမျိုး အခြားမိန်းကလေးတွေမှာလည်းရှိတဲ့ မိန်းကလေးတွေရဲ့ ခန္ဓာကိုယ်လိင်အင်္ဂါတွေကို နာကျင်အောင် မလုပ်ရဘူး"စတဲ့ သူတို့နားလည်နိုင်မယ့် ဥပမာလေးတွေနဲ့ တွဲပြီး ငယ်စဉ်ကတည်းက ရှင်းပြထားသင့်တယ်။ နောက်ပြီး "ဒီလိုလုပ်ရင်တော့ ထောင်ကျမယ်၊ ထောင်ဆိုတာ ဘယ်လိုမျိုး. ."ဆိုတာကို ငယ်ငယ်ကတည်းက သေသေချာချာ ရှင်းပြပြောပြပေးရမယ် လို့ သူက ဆက်ပြောပါတယ်။

"ယောက်ျားလေးပဲ ထောင်ကျကျ တန်းကျကျ" ဆိုတဲ့စကားဟာ တကယ်တမ်းတော့ ယောက်ျားလေးတွေကို မကောင်းမှုတွေ၊ ရာဇဝတ်မှုတွေ လုပ်ဖြစ်အောင် အားပေးနေတာ မဟုတ်ပါလား။

ပတ်ဝန်းကျင်နဲ့ မိဘအုပ်ထိန်းသူတွေက ယောက်ျားဆိုရင် ကျားကျားလျားလျားနေရမယ်၊ ဆေးလိပ်၊ အရက်၊ အိမ်ထောင်မပြုခင် လိင်ကိစ္စစတဲ့ မဟုတ်တာတွေ လုပ်ဖူးရမယ်ဆိုပြီး ယောက်ျားဖြစ်မှုကို အတည်ပြုပေးကြပါတယ်။ ယောက်ျားလေးတစ်ယောက်ဟာ နူးညံ့သိမ်မွေ့နေရင် "အခြောက်"လို့ခေါ်ကြတဲ့ လိင်သဘာဝထားခံယူမှုကွဲပြားသူ (LGBT) ဖြစ်သွားမှာ စိုးရိမ်တဲ့အတွက် ယောက်ျားစစ်စစ်လို့ သူတို့သတ်မှတ်ထားတဲ့ စံနှုန်းထဲကို အတင်းဆွဲထည့်ကြတယ်လို့လည်း ဒေါ်ထားထားက ဆက်လက် ရှင်းပြပါတယ်။

သမီးမိန်းကလေးတွေ မမွေးလာရင်၊ ဒါမှမဟုတ် မွေးလာတဲ့ သမီးမိန်းကလေးတွေကို ဟိုမသွားရ၊ ဒီမလာရ၊ ဒီအချိန် မထွက်ရ၊ ဒီလိုမဝတ်ရ၊ ဒီလိုမနေရလို့ ဖိနှိပ်ကန့်သတ်လိုက်ရုံနဲ့ မုဒိမ်းမှုတွေ လျော့နည်းသွားမှာလား။ သမီးမိန်းကလေးတောင် မမွေးချင်တော့ဘူးလို့ ဒီနေ့မိဘတွေ ငြီးငြူနေကြသလို တကယ်ပဲ သမီးမိန်းကလေး တွေမွေးလာတာက ပြဿနာတစ်ခုဖြစ်နေသလားဆိုတာ၊ မိဘအားလုံးက သေချာစဉ်းစားကြရမှာ ဖြစ်ပါတယ်။

"ကိုယ်တုံးလုံးနဲ့ သွားရင်တောင် ယဉ်ကျေးပါတယ်ဆိုတဲ့ အသိုင်းအဝိုင်းမှာ ဘယ်ကောင်လေးကမှ လက်ညှိုးတောင် မထိုးရဲတာမျိုးဖြစ်နေရမှာ။ အဲဒီလို သွန်သင်ကြရမယ့်အစား မိန်းကလေးတောင်မှမမွေးသင့်တော့ဘူးဆိုတော့ ဒါက လုံးလုံးလွဲနေတာပဲ"လို့ ဒေါ်ထားထားကတော့ ပြတ်ပြတ်သားသား ပြောပါတယ်။

လူတွေဟာ မုဒိမ်းမှုတွေ ဘာကြောင့် ဖြစ်ရသလဲ၊ ဘယ်သူတွေက မုဒိမ်းမှုကို ဖန်တီးနေသလဲဆိုတဲ့ ပြဿနာရဲ့ အခြေခံအရင်းအမြစ်ကို မရှာကြဘဲ ရပ်ရွာထဲမှာ မုဒိမ်းမှုတွေ ဖြစ်လေတိုင်း သမီး မိန်းကလေးတွေကို ကန့်သတ်ပိတ်ပင်မှုတွေလုပ်တတ်ကြတာ ထုံးစံတစ်ခုဖြစ်နေပါတယ်။

တကယ်တမ်းတော့ မုဒိမ်းမှုတွေဖြစ်ရခြင်း အကြောင်းကို အဖြေရှာကြည့်ရင် မုဒိမ်းကောင်တွေ ရှိနေလို့သာ မုဒိမ်းမှုတွေ ဖြစ်လာတာ မဟုတ်ပါလား။ ဒီ မုဒိမ်းကောင်တွေက ဘယ်သူတွေလဲ။ လူကြီးလူငယ်မရွေး မုဒိမ်းကောင်ဖြစ် လာတတ်သလို မုဒိမ်းကောင်တွေဟာ မွေးကင်းစ သားယောက်ျား

*စာ- ၁၆ သို့ . . .*

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၁၄ ၊ ၂၀၂၀ )

# မနောင် ကာယအလှမယ်နှင့် ကာယဗလမောင်ပြိုင်ပွဲ ကျင်းပ





ဖေဖော်ဝါရီ ၁၁

အသက် ၁၂ နှစ်မှ ၂၄ နှစ်ကြား ကာယအလှမယ်နှင့်အငယ်တန်း ကာယဗလမောင်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၇ ရက်နေ့က မြစ်ကြီးနားမြို့ မနောင်ကွင်းအတွင်း ကျင်းပခဲ့ပြီး၊ ကချင်ပြည်နယ်အတွင်းရှိ ကာယအလှမယ် ၁၀ ဦးနှင့် ကာယဗလမောင် ၁၅ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အလှမယ် မနဒီမျိုးလွင်နှင့် ဗလမောင် ကိုဇော်ခေါင်တို့က ပထမဆု အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ကာယအလှမယ်ပြိုင်ပွဲတွင် စိတ်ဝင်စားမှုများပြီး ကြိုးစား လေ့ကျင့်ခဲ့မှုများကြောင့် အထက်ပါဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက် ကိုယ်စားပြုအလှမယ် မနဒီမျိုးလွင်က ပြောသည်။

"ကျွန်မ ပထမဆုရမယ်လို့ မထင်ထားဘူး။ ဆုရတော့ အရမ်းဝမ်းသာပါတယ်။ ဆရာမတွေ သင်ကြားပေးသလို ကိုယ်ကိုယ်တိုင်လည်း အရမ်းစိတ်ဝင်စားတော့ ကြိုးစားလေ့ကျင့်ခဲ့တယ်"ဟု ကာယအလှမယ် မနဒီမျိုးလွင်က ပြောသည်။

ကာယဗလမောင် ပထမဆုရရှိခဲ့သည့် ဖားကန့်မြို့နယ်ကိုယ်စားပြု ကိုဇော်ခေါင်ကလည်း နောက် ပြုလုပ်မည့် ကာယဗလမောင်ပြိုင်ပွဲများတွင်လည်း ဆက်လက် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောသည်။

"အရမ်း ပျော်ပါတယ်။ လေ့ကျင့် သင်ကြားပေးတဲ့ ကျွန်တော့်ဆရာကိုလည်း အရမ်း ကျေးဇူးတင်တယ်။ နောက်ပွဲတွေမှာလည်း အကောင်းဆုံး ဆက်လက်ယှဉ်ပြိုင်သွားမှာပါ" ဟု ဆိုသည်။

ပြည်နယ်အတွင်း မျိုးဆက်သစ် ကာယအလှမယ်၊ ကာယဗလမောင် လူငယ်များမွေးထုတ်နိုင်ရန် အတွက်ယခုကဲ့သို့ ပြိုင်ပွဲများ ပြုလုပ်ပေးရခြင်း ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အလေးမ/ ကာယကြံ့ခိုင်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးစိန်မြင့်ဇော်က ပြောသည်။

"ကာယဗလ လာရောက်ယှဉ်ပြိုင်သူ ပိုများလာပြီ။ မနှစ်ကဆိုရင် စာရင်းသွင်းတဲ့သူ ၁၅ ယောက်ပဲ ရှိတယ်။ ဒီနှစ်က ၂၂ ယောက် လာပြိုင်တယ်။ တိုးတက်လာတာပေါ့"ဟု ဦးစိန်မြင့်ဇော်က ရှင်းပြသည်။

ကာယအလှမယ် ဒုတိယဆုကို မထွယ်ဆန်တောင်၊ တတိယဆုကို မသဲစုနှင်းက ရရှိပြီး ကာယဗလမောင် ဒုတိယဆုကို မောင်ဖြိုးသီဟ၊ တတိယဆုကို မောင်ဇော်ဘောက်တို့က အသီးသီးရရှိခဲ့သည်။

ပြိုင်ပွဲတွင် ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဖားကန့်မြို့နယ်၊ လိုင်ဇာမြို့နယ်၊ ဒေါ့ဖုန်းယန်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်ရှိ ရပ်ကွက်အသီးသီးမှ ကာယ အားကစားသမားများ လာရောက်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။ ■

ဂျာဒွဲ

စာ- ၁၅ မှ အဆက်. . .

လေးဘဝကနေ လူကြီးဖြစ်လာကြသူတွေပါ။

သား ယောက်ျားလေးဟာ နူးညံ့သိမ်မွေ့နေရင် သူတစ်ပါး မတရားအနိုင်ကျင့်မှာ စိုးရိမ်တတ်ကြတဲ့ မိဘတွေ ကိုယ်တိုင်၊ သားဖြစ်သူကို ပတ်ဝန်းကျင်က "ယောက်ျားမပီသဘူး" ဆိုပြီး ပြောဆိုဝေဖန်မှာကို ရှက်ကြတဲ့မိဘတွေ ကိုယ်တိုင်၊ ကြမ်းတမ်းတဲ့ဟန်၊ မာကျောတဲ့သဏ္ဌာန်နဲ့ ကာယဗလအားကိုးပြီး ဘယ်အရာမဆိုလုပ်ရဲကိုင်ရဲသူ ဆိုတဲ့ ယောက်ျား ဖြစ်မှုပုံစံခွက်ထဲ သားတွေကို သွင်းပစ်ခဲ့ကြတာက အကြမ်းဖက်သမားကြီးတွေအဖြစ် တွန်းပို့နေတဲ့ သဘော သက်ရောက်နေတာ မဟုတ်ပါလား။

ပတ်ဝန်းကျင်ကလည်း ယောက်ျားလေးပဲ ဘာလုပ်လုပ် ဘာဖြစ်ဖြစ် သင့်တယ်လို့ ယူဆပြီးမျက်နှာလွှဲထားတတ်ကြသလို အပြစ်လုပ်ရင်တောင် ဒါက မသင့်တော်ဘူး၊ ဒီလိုမပြောသင့်ဘူး၊ ဒါတော့ လုံးဝမလုပ်သင့်ဘူး စသဖြင့် သားယောက်ျားလေးတွေကို ဖိဖိစီးစီးပြောဆိုဆုံးမတဲ့ မိဘတွေ နည်းပါတယ်။

သား ယောက်ျားလေးဟာ လိင်အကြောင်းပဲပြောပြော၊ လိင်ရုပ်ရှင်ကားပဲကြည့်ကြည့်၊ ယုတ်စွအဆုံးကျောင်းက မိန်းကလေးတွေကို လိင်ပိုင်းဆိုင်ရာအရ တစ်စုံတစ်ရာ နစ်နာအောင် ပြောဆိုနေရင်တောင် မိဘတွေက ယောက်ျားလေးမို့ အန္တရာယ်ရှိတယ်လို့ မမြင်တဲ့အတွက် လစ်လျူရှုထားတတ်ကြပါတယ်။

အမှန်တကယ်က မုဒိမ်းကျင့်တဲ့ရာဇဝတ်မှုကို ကျူးလွန်တတ်တဲ့ ယောကျ်ားလေးတွေကို မုဒိမ်းကောင်တွေ မဖြစ်လာစေဖို့ ငယ်စဉ်ကတည်းက မိဘဆရာတွေက သွန်သင်ဆုံးမခဲ့ရမှာ မဟုတ်ပါလား။

သားတွေကို သောက်စားမူးယစ်တာကို အကြောင်းပြပြီးမိန်းကလေးတွေကိုမစော်ကားမိစေဖို့၊ မိန်းကလေးတွေ ဘယ်လိုပဲ ဝတ်စားထားပါစေ၊ ဒါဟာ ကိုယ်က အဓမ္မပြုကျင့်ဖို့၊ လိင်ပိုင်းဆိုင်ရာ ထိပါးဖို့၊ အကြမ်းဖက်ဖို့ မဟုတ်ဘူးဆိုတာ ငယ်စဉ်ကတည်းက နားလည်နေအောင် အချိန်ပေးပြောပြဖို့ လိုတယ်လို့ ဒေါ်ထားထားက ဆိုပါတယ်။

ဒီလိုဆိုရင်ဖြင့် မုဒိမ်းကောင်ဖြစ်လာနိုင်ဖို့ အခွင့်အလမ်းတွေ နည်းသွားတဲ့အတွက် မုဒိမ်းမှုဖြစ်ပွားနှုန်းတွေလည်း လျော့ကျသွားနိုင်မှာ ဖြစ်ပါတယ်။

"တကယ်တော့ မုဒိမ်းကောင်မဖြစ်သင့်ဘဲနဲ့ ပြည်သူလူထုရဲ့ သွန်သင်မှုတွေ၊ မိဘတွေရဲ့ ပုံသွင်းမှုတွေကပဲ သူတို့ကို မုဒိမ်းကောင်ဖြစ်ဖို့တွန်းပို့တာပါ။တကယ်ဆို မုဒိမ်းကောင်တွေ မရှိရင် မုဒိမ်းမှုဆိုတာ မရှိဘူး။ အဲဒီတော့ မုဒိမ်းကောင်တွေ မမွေးမိအောင်၊မုဒိမ်းကောင်တွေ ဖြစ်မလာအောင် မိဘတွေက၊ ပတ်ဝန်းကျင်က ကြိုတင် တားမြစ်ပေးဖို့၊ ပညာပေးတတ်ဖို့ လိုပါတယ်"လို့ ဒေါ်ထားထားက ဆက်ပြောပါတယ်။

တစ်ဖက်မှာကျတော့ သွက်လက်ထက်မြက်နေတဲ့ မိန်းကလေးတစ်ယောက်ကို မိန်းကလေးဆိုတာ နူးညံ့ရမယ်၊ သိမ်မွေ့ရမယ်၊ အရှက်အကြောက်ကြီးရမယ် ဆိုပြီး ပတ်ဝန်းကျင်က လမ်းညွှန်ပုံသွင်းလိုက်ကြတဲ့အခါ ဒီမိန်းကလေးဟာ ပင်ကိုယ်ဟန်ပျောက်ပြီး ရှက်ကြောက်ငြိမ်သက်သူကြီးအဖြစ် ကြီးပြင်းလာရပြန်ပါတယ်။

အရာရာကို ရှက်ကြောက်တတ်တဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ အန္တရာယ်တစ်ခုခုဖြစ်လာတဲ့အခါ ကိုယ့်ကိုယ်ကိုယ် မကာကွယ်နိုင်တော့ဘဲ၊ အနိုင်အထက် ပြုကျင့်လိုသူရဲ့ လက်ထဲမှာ ပြုသမျှနုရတဲ့ အဖြစ်ကို ရောက်ရပြန်ပါတယ်။ ဒီလို မတရားမှုကို ဖော်ထုတ်ဖို့တောင် ပတ်ဝန်းကျင်ကပဲ သူတို့ရဲ့အတွေးအမြင်ဟောင်းတွေနဲ့ ပိတ်ပင်ကန့်သတ်ပြီး ရေငုံနှုတ်ပိတ်နေစေချင်ကြပါတယ်။

မိန်းကလေးကိုသာ နစ်နာသူကြီးအဖြစ် ပုံဖော်ကြပြီး "ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်၊ ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်"ဆိုတဲ့ အမြင်တွေနဲ့ မုဒိမ်းကောင်က မရှက်ရပဲ မုဒိမ်းကျင့်ခံရသူကသာ ရှက်စရာဆိုတဲ့ လူ့ပတ်ဝန်းကျင်အမြင်တွေ ကြီးစိုးနေပါသေးတယ်။ တကယ်လို့သာ ပင်ကိုယ်မူလ သွက်လက်ထက်မြက်မှုရှိတဲ့ မိန်းကလေးတွေကို အရည်အသွေး မပျောက်အောင် ပြုစုပျိုးထောင်ပေးထားရင် သူဟာအန္တရာယ်နဲ့ တွေ့ရင်တောင်မှပြန်လည်ခုခံနိုင်တဲ့၊ လွတ်မြောက်အောင် ရုန်းကန်နိုင်တဲ့ အတွေးခွန်အားတွေ ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် လူ့ပါတ်ဝန်းကျင်နဲ့ မိဘတွေက သတ်မှတ်ပေးလိုက်တဲ့ စံနှုန်းတွေကြောင့်သာ မိန်းကလေးတွေဟာ မုဒိမ်းမှုရဲ့သားကောင်ဘဝကို ရောက်ကြရတာလို့ သုံးသပ်တာလည်း မမှားပါဘူး။

သမီးမိန်းကလေး မွေးလာမှာ ကြောက်နေရတဲ့ အခုလို အခြေအနေဟာ သမီး မိန်းကလေးတွေကို မိန်းကလေးတွေ ရရှိထားတဲ့ မူလအခွင့်အရေးတွေ ပြန်လည်ရုတ်သိမ်းခံရပြီး၊ ရှေးရှေးတုန်းကလို သမီးမိန်းကလေးဆိုရင် အိမ်ထဲက အိမ်ပြင်မထွက်ရဘူး၊ အိမ်မှုကိစ္စနိုင်နင်းရမယ်၊ ပညာရေးမှာဆိုရင်လည်း သေစာရှင်စာတတ်ရင်တော်ပြီ ဆိုတဲ့ ခေတ်ဟောင်းလမ်းကို ပြန်ကွေ့သွားတော့မှာလား။

ဒီလို ဖြစ်လာပြီဆိုရင်တော့ မိန်းကလေးတွေအတွက်သာ ဆုံးရှုံးတာမဟုတ်ဘဲ ထူးချွန်တဲ့အနာဂတ်မျိုးဆက်သစ်ကလေးတွေ မွေးထုတ်ဖို့ တိုင်းပြည်အနေနဲ့ပါ အများကြီး ထိခိုက်နစ်နာမှာဖြစ်ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းအတွက် ဒီလိုကျား/မဆိုင်ရာ စံနှုန်းသတ်မှတ်ချက်တွေက မရှိသင့်တော့လို့ လူတွေရဲ့ သဘောထားအမြင်တွေကို ဦးစွာပြောင်းရမယ်လို့ ဒေါ်ထားထားက ဒီလိုထောက်ပြခဲ့တာပါ။

"တကယ်တော့ သမီးမိန်းကလေးတွေ မုဒိမ်းကျင့်ခံရအောင် တွန်းအားပေးနေတာ မိဘအုပ်ထိန်းသူကိုယ်တိုင်ပါပဲဆိုတဲ့အသိကို ကျွန်မတို့ မပြောင်းမချင်း ဒီစနစ်ကြီး မပြောင်းဘူး။ ဒီအပြုအမူတွေ မပြောင်းဘူး"

မုဒိမ်းကောင်တွေ အတွက် စည်းမျဉ်းစည်းကမ်းမရှိသရွေ့၊ မုဒိမ်းကောင်မှာသာ အပြစ်ရှိတယ်၊ ရာဇဝတ်မှုကျူးလွန်သူဖြစ်တယ်ဆိုတဲ့ အမြင်တွေ၊ အသိတွေ မရှိသရွေ့၊ အစိုးရက ဘယ်လိုလုပ်လုပ်၊ မိန်းကလေးတွေကို ကြိုက်တာဝတ်ခိုင်း၊ တစ်ကိုယ်လုံးဖုံးထားပြီး အိမ်ထဲမှာ ပိတ်လှောင်ထားလည်း မုဒိမ်းမှုတွေကတော့ ရှိနေဦးမှာပါ။

မိဘအုပ်ထိန်းသူတွေ အပါအဝင် လူ့ပတ်ဝန်းကျင်တစ်ခုလုံးက စွဲမြဲနေတဲ့ လိင်ခွဲခြားတဲ့ ပုံစံခွက်အမြင်သဘောထားတွေကို ပြောင်းလဲပေးရင်ဖြင့် သက်ငယ်မုဒိမ်းနဲ့ မုဒိမ်းမှုတွေ၊ အမျိုးသမီးတွေအပေါ် လိင်အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုတွေ တစ်စတစ်စလျော့ကျသွားမယ့်အပြင် မိန်းကလေးတွေဟာ လူ့အဖွဲ့အစည်းရဲ့ ဦးဆောင်ဦးရွက်ပြုရမယ့် အခန်းကဏ္ဍတွေမှာ ရှေ့တန်းရောက်လာမှာ မလွဲပါ။

ဒီလို ဆိုတော့လည်း ပထမဦးဆုံး လုပ်ရမှာက သားတွေကို ပတ်ဝန်းကျင်မှာ ဝင်ဆန့်အောင်၊ အဖက်ဖက်က ထူးချွန်အောင်၊ လေ့ကျင့်သင်ကြားပေးမယ် ဆိုတဲ့ ကျွန်မတို့လိုမိဘတွေ၊ သမီးကိုတော့ မိဘမျက်စိအောက်မှာသာ ထားတော့မယ်လို့ စိတ်ကူးနေတဲ့ ကျွန်မတို့လို မိဘတွေမှာ၊ သားတွေကို အမျိုးသမီးတွေအပေါ် လေးစားတန်ဖိုးထားပြီး လိင်ပိုင်းဆိုင်ရာအရ ခွဲခြားဆက်ဆံတဲ့၊ စော်ကားနှိမ့်ချတဲ့၊ ထိပါးလို့ရတယ်ဆိုတဲ့ အမြင်သဘောထားမျိုးတွေ မရှိအောင်၊ ခွန်အားဗလ အားကိုးပြီး ထောင်အပြင် တန်းမရှိဘူးလို့ သင်ကြားနေတဲ့ ပတ်ဝန်းကျင်ကနေ ရုန်းထွက်နိုင်အောင် သွန်သင်လေ့ကျင့်ပေးရမယ့် တာဝန်ကြီးတစ်ခုကို မလွဲမသွေလုပ်ဆောင်ကြဖို့ လိုအပ်နေပြီ မဟုတ်ပါလား။

hiburma.net

# “ဝသောသူကို ကြင်နာပါ” အိမ်ထောင်ရှင် အလှမယ်ပြိုင်ပွဲတွင်

## အသက် ၅၈ နှစ်အရွယ်ဒေါ်ညိုစိန်က Winner ဆုကြီးကို ဆွတ်ခူး



ဖေဖော်ဝါရီ၇

မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသော “ဝသောသူကို ကြင်နာပါ” အိမ်ထောင်ရှင် အလှမယ် ပြိုင်ပွဲကြီးတွင် မြို့သစ်ကြီး၊ ရွက်လှမြိုင် ကိုယ်စားပြု ယှဉ်ပြိုင်သည့် အသက် (၅၈)နှစ်အရွယ် ဒေါ်ညိုစိန်က Winner ဆုကြီးကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ကချင်ရိုးရာယဉ်ကျေးမှု မနောင်ပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ကာယဗလမောင်/မယ် ပြိုင်ပွဲတွင် ပေါင် (၁၂၀) အထက် အိမ်ထောင်ရှင် အလှမယ် ပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာ အသက် ၂၈ နှစ်မှ ၆၂ နှစ်အထိရှိသည့် အိမ်ထောင်ရှင် အလှမယ်(၁၀)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ပထမဆုကို ဒေါ်ညိုစိန်က ရရှိခဲ့ပြီး ဒုတိယဆုကို ရမ်ပူရပ်ကွက်မှ ဒေါ်ခင်မာရီ၊ တတိယဆုကိုနန်းကွေ့ရပ်ကွက်မှ ဒေါ်တင်တင်ဝင်းတို့က အသီးသီးဆွတ်ခူးခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် Title ဆုများအဖြစ် အပြုံးအလှဆုကို အလှမယ် ဒေါ်ကေသွယ်ဝင်းက ရရှိခဲ့ပြီး Best Confidence ဆုကိုမူ ဒေါ်ခေါန်တောင်က ရရှိခဲ့သည်။

ဆုများအဖြစ် ပထမဆုရရှိသူကို မနောင်အိမ်ထောင်ရှင်အလှမယ် ၂၀၂၀ သရဖူ၊ စလွယ်နှင့် ဒိုင်းဆုအပြင် ဆုရရှိသူအသီးသီးတို့ကိုလည်း စလွယ်နှင့် လက်ဆောင်အသီးသီးတို့ကို ချီးမြှင့်ပေးခဲ့သည်။

အိမ်ထောင်ရှင် အမျိုးသမီးများအတွက် အသက်ကန့်သတ်ချက်မရှိ ပါဝင်နိုင်သည့် ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိခဲ့ပြီး ပထမဆု ဆွတ်ခူးရရှိခဲ့သောကြောင့် ဂုဏ်ယူမိကြောင်း Winner ဆုရှင် အလှမယ်ဒေါ်ညိုစိန်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

“ကိုယ့်ကိုယ်ကိုယ် ဒီအသက်အရွယ်မှာ အစွမ်းအစလေး ထုတ်ချင်တာပေါ့။ ယှဉ်ပြိုင်ခွင့်ရလို့လည်း ဂုဏ်ယူတယ်။ ပီတိ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

ကချင်ရိုးရာယဉ်ကျေးမှု မနောင်ပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ကာယဗလမောင်/မယ် ပြိုင်ပွဲတွင် အိမ်ထောင်ရှင် အမျိုးသမီးများ ပါဝင်နိုင်သည့် ပျော်ရွှင်စရာအထိမ်းအမှတ်နေ့ဖြစ်စေရန် ရည်ရွယ်၍ “ဝသောသူကို ကြင်နာပါ” အိမ်ထောင်ရှင် အလှမယ် ပြိုင်ပွဲကို ထည့်သွင်းကျင်းပပေးခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူ အိမ်ထောင်ရှင်အလှမယ် ဒေါ်နီနီအောင်ထံမှ သိရသည်။

ယင်းပြိုင်ပွဲကို မြစ်ကြီးနားမြို့မနောင်ကွင်းရှိမဂ္ဂယ်ခန်းမဆောင်တွင် ဖေဖော်ဝါရီလ(၇)ရက်နေ့က ကျင်းပခဲ့ခြင်း ဖြစ်သည်။ ■

Benadeth

# မြစ်ကြီးနားတွင် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းပေး



ဖေဖော်ဝါရီ ၆

မြစ်ကြီးနားမြို့တွင် ပိုက်ကျော်ခြင်း ဒိုင်လူကြီး သင်တန်းကို ၃ ရက်တာ ပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီလ ၆ ရက်နေ့က သင်တန်းဆင်းလက်မှတ်ပေးအပ်သည့် အခမ်းအနားကို မြစ်ကြီးနားမြို့၊ ခရိုင်အားကစားခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ/ သင်တန်းသား (၃၂)ဦးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ ဒိုင်လူကြီး (၄)ဦးက သင်ကြားပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်းပထမဦးဆုံးအကြိမ်အဖြစ် ပြုလုပ်သည့်၊ ယင်းသင်တန်းကို မြစ်ကြီးနားမြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်ပိုက်ကျော်ခြင်း ဆပ်ကော်မတီတို့က ပူးပေါင်းဖွင့်လှစ်ခြင်း ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသအသီးသီး၌ ပိုက်ကျော်ခြင်း အားကစားနည်းကို တိုးတက်လာစေရန်၊ ကချင်ပြည်နယ်သူ/သားများ အနေဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တွင် ဒိုင်အဖြစ် တာဝန်ထမ်းဆောင်လာနိုင်စေရန်နှင့် နိုင်ငံတကာအထိ ထိုးဖောက်နိုင်သူများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ယင်းသင်တန်းကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဒိုင်ဖြစ်သည့် ဦးထင်အောင်က ပြောသည်။

“မြို့နယ်ပေါင်းစုံကနေ ပြည်နယ်နဲ့တိုင်းအထိ ရှိလာမယ်။ အဲ့ဒီကနေမှ ထွန်းတောက်လာတဲ့ ဒိုင်လူကြီးတွေဆိုရင် တခြား ဝန်ကြီးဌာနပေါင်းစုံတို့၊ တခြားပြိုင်ပွဲတို့ကနေ ခေါ်ယူပြီးတော့ သုံးတာလည်း ရှိတယ်။ သူရဲ့ ကြိုးစားမှုအလျောက် အရမ်း ထူးချွန်လာပြီဆိုရင် နိုင်ငံတကာပွဲတွေကို စေလွှတ်တဲ့ အထိလေ့ကျင့်ပေးမှာပါ”ဟု ဦးထင်အောင်က ဆိုသည်။

ရက်တိုသင်တန်း အတွင်း နည်းစနစ်များ၊ စည်းမျဉ်းစည်းကမ်းများကို ထိရောက်အောင် သင်ကြားခွင့်ရရှိခဲ့ကြောင်းနှင့် နိုင်ငံတကာအထိ ရောက်လာနိုင်သောဒိုင်များဖြစ်လာမည်ကိုလည်း ယုံကြည်ကြောင်း၊ သင်တန်း တက်ရောက်သူ ကိုရဲရင့်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ဝါသနာပါတဲ့ သူတွေအားလုံးလည်း ကြိုးစားသင်ယ တ အ တ - ၀က် ကျွန်တော်တို့အတွက် ရလဒ်ကောင်းပါတယ်။ ကျွန်တော်တို့ သိထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ အရမ်းကွားခြားတာကို တွေ့ခဲ့ရတယ်။ ကျွန်တော်တို့ ပြင်သင့်တာတွေလည်း ပြင်ခွင့်ရသွားတာပေါ့” ဟု ၎င်းက ဆိုသည်။

ဖေဖော်ဝါရီလ (၄)ရက်နေ့မှ (၆)ရက်နေ့အထိ ပြုလုပ်ခဲ့သည့် ယင်းသင်တန်းတွင် မြစ်ကြီးနားမြို့ရှိ ရပ်ကွက်၊ ကျေးရွာ(၂၈)ခုမှ သင်တန်းသား (၃၂) ဦးတို့က ကိုယ်စားပြု တက်ရောက်ခဲ့ကြသည်။ ■

Benadeth

# ကချင် ယူ – ၂၁ ဘောလုံးအသင်း တိုင်းနှင့်ပြည်နယ် ပြိုင်ပွဲတွင်

## အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရ



ဖေဖော်ဝါရီ ၁၁

နေပြည်တော်တွင် ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်နေ့အထိ ကျင်းပခဲ့သော တိုင်းနှင့်ပြည်နယ် ယူ-၂၁ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်းသည် အုပ်စုပွဲအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် နည်းပါးခြင်း၊ အသင်းအား ကစားသမားအသစ်များဖြင့် ဖွဲ့စည်းထားခြင်း၊ ဂိုးကံခေခြင်းများကြောင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်ကြောင်း ကချင်ပြည်နယ် ဘောလုံးနည်းပြ၊ နည်းစနစ်မှူး ဦးဇာနည်ထွန်းက ပြောသည်။

“ကျွန်တော်တို့ ဒီတစ်ခါ ပြင်ဆင်ချိန် နည်းနည်း နည်းတယ်ပေါ့နော်။ ရက် ၂၀ လောက်ပဲ ရတယ်။ ဒီနှစ်ဆို ကလေးတွေက အသစ်တွေလည်း များတယ်။ ကျွန်တော်တို့ ရှေ့ပွဲတွေမှာ ကောင်းကောင်း ကစားနိုင်တယ်။ နောက်ဆုံးပွဲမှာ ကျွန်တော်တို့ အသာစီးကစားနိုင်ခဲ့တယ်။ ပြီးတော့ ဂိုးသွင်းခွင့်တွေရတယ်၊ နိုင်ရင်ကွာတားတက်တယ်။ ဒါပေမဲ့ ဂိုးကံခေလို့ ကျွန်တော်တို့ရှုံးသွားတာပါ”ဟုဦးဇာနည်ထွန်းက ပြောသည်။

ကချင်ပြည်နယ် ယူ-၂၁ အသင်းသည် အုပ်စုပွဲစဉ်တွင် ရန်ကုန်တိုင်းနှင့် (၁-၁)၊ တနင်္သာရီတိုင်းနှင့် (၀-၀)၊ မကွေးတိုင်းနှင့် (၂-၁)ဂိုးစသည်ဖြင့် ရလဒ်ရရှိကာ အုပ်စုပွဲတွင် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းနှင့်ပြည်နယ် ပြိုင်ပွဲသို့ ကချင်ပြည်နယ်ယူ-၂၁ကစားသမား၁၈ ဦး၊ နည်းပြအုပ်ချုပ်သူ ၅ ဦး စုစုပေါင်း ၂၃ ဦး သွားရောက်ခဲ့ကြခြင်း ဖြစ်သည်။


ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၁၁ ရက်နေ့က ကရင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက ၂ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ■

ဂျာဒွဲ

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၁၄ ၊ ၂၀၂၀)

# ကချင်ပြည်နယ်တွင် အမျိုးသမီး အကြမ်းဖက်ခံရမှုကို ရိုးရာအရ ဖြေရှင်းမှု အများဆုံးဖြစ်

## အကြမ်းဖက်မှုကိုဖြေရှင်းသည့်နည်းလမ်းများ




ဖေဖော်ဝါရီ ၁၀

ကချင်အမျိုးသမီးကွန်ရက်၏ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်တွင် စစ်တမ်းကောက်ချက်အရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ရိုးရာအရ ဖြေရှင်းသည့်နည်းလမ်းဖြင့် အသုံးပြုမှု ပိုမိုများပြားနေကြောင်း သိရသည်။

ကချင်အမျိုးသမီး ကွန်ရက်အဖွဲ့က ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဗန်းမော်၊ လိုင်ဇာ၊ ဖားကန့်၊ မိုးညှင်း၊ တနိုင်းနှင့် ပူတာအိုမြို့နယ်များကို ၂၀၁၈ မှ ၂၀၁၉ နိုဝင်ဘာလအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး စစ်တမ်းကောက်ယူခဲ့သည်။

တွေ့ရှိချက်များအရ အဖြစ်အများဆုံး အကြမ်းဖက်မှု အမျိုးအစားမှာ အိမ်တွင်း အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်ခြင်းတို့ ဖြစ်ပြီး အကြမ်းဖက်မှုကို ရိုးရာအရ ဖြေရှင်းရာတွင် မိုးညှင်းမြို့နယ်က အများဆုံးဖြစ်နေကြောင်း ကချင်အမျိုးသမီးကွန်ရက် ပဲ့ကိုင်ကော်မတီဝင် ဒေါ်အောင်ဂျာက ပြောသည်။

“အိမ်တွင်း အကြမ်းဖက်မှုကတော့ အများဆုံးပဲ။ မြို့နယ်တိုင်းလိုလိုမှာ ရှိတယ်။ အကြမ်းဖက်မှုကို ဖြေရှင်းတဲ့ နည်းတွေက ရိုးရာအရ ဖြေရှင်းတာတွေကို အများဆုံးတွေ့ရတယ်”ဟု ၎င်းက ပြောသည်။

ရိုးရာအရအကြမ်းဖက်မှုကို ဖြေရှင်းရာတွင် မိုးညှင်းမြို့နယ်က အများဆုံးဖြစ်ပြီး ဖားကန့်မြို့နယ်က ဒုတိယအများဆုံး ဖြစ်နေကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်သော အဆိုပါစစ်တမ်းနှင့် ဆွေးနွေးပွဲမှ ရရှိလာသော သုံးသပ်ချက်အရ ကချင်ပြည်နယ်ရှိ မြို့နယ်(၇)မြို့နယ်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအကြောင်း သေချာစွာနားလည်သဘောပေါက်မှု မရှိကြောင်း ၎င်းစစ်တမ်းတွင် ဖော်ပြထားသည်။

စစ်တမ်း ကောက်ခံချက်အပေါ် အခြေခံသည့် အမျိုးသမီးများ အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးအတွက် ကျား၊မရေးရာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် ကချင်အမျိုးသမီးကွန်ရက်က နိုင်ငံရေးပါတီ၊ လွှတ်တော်အမတ်၊ အစိုးရအဖွဲ့များနှင့် တွေ့ဆုံကာ အရေးဆိုအကြံပြုခဲ့သည်။

ထို အကြံပြုချက်တွင် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ၏ ပါဝင်မှု၊ ပြည်နယ်တွင်း အမျိုးသမီးများ အကြမ်းဖက်ခံရမှု အား တားဆီးကာကွယ်စောင့်ရှောက်ရေး၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် လိုအပ်သော ဝန်ဆောင်မှု၊ နေရပ်စွန့်ခွာသူများအား ပြည်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေး စသည့်အချက် (၄) ချက်ကို အရေးဆိုခဲ့ကြကြောင်း သိရသည်။ ■

Ann

နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း လိုက်နာရမည့်ကျင့်ဝတ်များ
(Cough Etiquette)



နှာချေ၊ ချောင်းဆိုးသည့်အခါ ကျင့်ဝတ်အရ
သင် ဘာတွေလိုက်နာရမှာလဲ

- တစ်ရှူးကိုအသုံးပြု၍ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ပါ။ အသုံးပြုပြီးသားတစ်ရှူးကို အမှိုက်ပုံးထဲသို့ ချက်ချင်း စနစ်တကျ စွန့်ပစ်ပါ။
- နှာချေ၊ ချောင်းဆိုး၊ နှာရည်ညှစ်ပြီးသည့်နောက်တွင် လက်ကို စနစ်တကျ စင်ကြယ်အောင် ဆေးကြောပါ။ ဆပ်ပြာနှင့်ရေ မရနိုင်ပါက အရက်ပြန် ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးတို့ကို အသုံးပြု၍ ဖုံးအုပ်ပါ။ လက်ဖဝါးကို အသုံးမပြုရပါ။
- လက်ကိုင်ပုဝါနှင့် အဝတ်စများကို အသုံးမပြုပါနှင့်။
- လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။

နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံစွာ ဖုံးအုပ်ခြင်းဖြင့်သင့်မိသားစုနှင့် ပတ်ဝန်းကျင်ကို အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ခြင်းမှ ကာကွယ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၅-၂-၂၀၂၀)







နန်းတော်ဝင်
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား – မိုးကောင်း – မိုးညှင်း – ကသာ – အင်းတော် – ရွှေဘို – မန္တလေး
ဖားကန့် – ဗန်းမော်
ရွှေဂိုင် – မင်းပြား – မြောက်ဦး – ကျောက်တော် – စစ်တွေ – လားရှိုး – မူဆယ်
တိုက်ရိုက်ခရီးစဉ်ပြေးဆွဲသည်။
မြစ်ကြီးနားဂိတ် – အခန်း (၂၃) မြစ်ဖျားရောကားကွင်း ၀၉-၂၅၉၂၇၃၅၅၆,၀၉-၂၅၁၁၀၀၁၃၉,
၀၉၂၅၀၇၂၄၂၉၂, ၀၉-၇၉၀၇၅၆၅၇၇
မန္တလေးဂိတ်(သီရိမန္တလာကားကွင်း) – ၀၉၄၂၈၀၀၆၇၈၉,၀၉၄၀၂၆၄၈၇၉၅
မန္တလေးဂိတ်– ကွဲဆည်ကန်ကားကွင်း– ၀၉-၄၄၉၅၆၈၉၉၃, ၀၉-၄၇၀၀၈၁၁၆





ABC ရဲ့ထူးခြားသာလွန်မှုကို
ခံစားရင်းကျပ်သိန်း (၁၀၀)
ရယူလိုက်ကြစို့
Free 1 Can
၁ဘူး
1,000 kyats
၁၀၀၀ ကျပ်
500 kyats
၅၀၀ ကျပ်
ARCHIPELAGO BREWERY COMPANY
ABC
EXTRA STOUT
INTERNATIONAL AWARD WINNING STOUT
စည်းကမ်းသတ်မှတ်ချက်များ
၁ ABC Extra Stout ကံစမ်းမဲအား အသက် (၁၈)နှစ်ပြည့်ပြီးသူများသာ ပါဝင်ကံစမ်းနိုင်ပါသည်။
၂ ၁၀၀၀ ကျပ်၊ ၅၀၀ကျပ် နှင့် ဘီယာဗူးလက်ဆောင်များကိုဝယ်ယူသည့် အရောင်းဆိုင်များတွင် တစ်ခါတည်းထုတ်ယူနိုင်ပါသည်။ မဲပေါက်သောဘီယာဗူး လက်ဆောင်များအား မဲမပါသောရိုးရိုးဘီယာသံဗူးများဖြင့်သာလဲလှယ်ပေးပါမည်။
၃ ရန်ကုန် ၊ မန္တလေးနှင့် မြစ်ကြီးနားစသည့် မြို့များတွင်သာ ပေါက်မဲဆုများကိုလဲလှယ်နိုင်သည်။
၄ သိန်း (၁၀၀) ဆုမဲကြီးအားသက်ဆိုင်ရာ ရုံးခွဲတွင် HEINEKEN Myanmar Enterprise Limited ၏ သတ်မှတ်ထားသည့်အချိန်တွင်သာလာရောက် ထုတ်ယူနိုင်မည် ဖြစ်ပါသည်။
၅ အကယ်၍ အငြင်းပွားမှုများ (သို့မဟုတ်) အတုအပပြုလုပ်မှုများနှင့် မမှန်ကန်သောနည်းလမ်းများ တစုံတရာပေါ်ပေါက်လာပါက ABC Extra Stout ( HEINEKEN Myanmar Enterprise Limited) သည်သာလျှင်အတည်ပြု ဆုံးဖြတ်ခွင့်နှင့် သဘောတူ လုပ်ပိုင်ခွင့် အပြည့်အဝ အလုံးစုံရှိသည်။
၆ HEINEKEN Myanmar ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဖက်စပ် ကုမ္ပဏီများ၊ သက်ဆိုင်ရာ အေဂျင်စီများနှင့် မိသားစုဆွေမျိုးများ ပါဝင်ကံစမ်းခွင့်မရှိပါ။
အသေးစိတ် စည်းကမ်းသတ်မှတ်ချက်များကို www.facebook.com/ABCExtraStoutMyanmar တွင်ကြည့်ရှုနိုင်ပါသည်။
၂၀၂၀ ဖေဖော်ဝါရီလ(၁)ရက်နေ့မှ ပစ္စည်းလက်ကျန် ရှိသည့်အချိန်အထိသာ (ဆုမဲများကို ၂၀၂၀ ၊ ဧပြီလ(၃၀)ရက်ထိသာလဲလှယ်နိုင်ပါသည်။)
ကံစမ်းမဲ
ကံစမ်းမဲ အမှတ်တံဆိပ် ရိုက်နှိပ်ထားသော သံဗူးကို ဝယ်ယူပါ။
ABC Extra Stout သံဗူးများ၏ သံကွင်း အတွင်းဘက်ကို ကြည့်ပါ။
1,000 kyats
ပေါက်မဲများကိုအထက် ပါကုဒ်များဖြင့် တိုက်၍ စစ်ဆေးပါ။
+18 ABC EXTRA STOUT ကိုချင့်ချိန်သုံးဆောင်ပါ။


ရွှေတာချင်
ရန်ကုန် - မန္တလေး - မြစ်ကြီးနား - တနိုင်း - ဖားကန့် - ကသာ - အင်းတော်ကြီး - ညောင်ပင်

EXPRESS အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး တိုက်ရိုက်ခရီးစဉ်
မြစ်ကြီးနား အိမ်တိုင်ရာရောက် ခရီးသည်နှင့်တန်ဆန်ပစ္စည်းများလည်း ပို့ဆောင်ပေးသည်။

မြစ်ကြီးနားဂိတ် - မြစ်ဖျားရေကားကွင်း ၀၉-၄၀၀၀၂၉၉၃၊ ၀၉-၀၇၇၇၇၇၀၅၃၃၊ ၀၉-၇၇၄၄၀၆၈၉
မြစ်ကြီးနားမြို့တွင်းဂိတ် - ရေရပ်ရှင်ရုံအနီး၊ ရေရပ်ကွက်၊ ၀၉-၄၄၄၉၉၁၂၃၊ ၀၉-၇၉၉၉၉၉၅၃၃
ပိုင်းမော်ဂိတ် - အထက (၂) ကျောင်းအနီး၊ ရွှေဘုံနန်းရွှေဆိုင်ဘေး၊ ၀၉-၂၆၆၆၄၇၇၇၄၊ ၀၉-၇၈၅၇၇၇၇၇၅၄
မန္တလေးဂိတ် - ၂၃x၂၄ ကြား၊ ၈၈x၈၉ ကြား၊ သီရိမန္တလာကားကွင်း၊ ၀၉-၄၀၂၆၅၄၁၇၃၊ ၀၉-၄၄၄၀၂၈၇၉၀၊၀၉-၂၀၄၂၂၇၂
ရန်ကုန်ဂိတ် - အောင်မင်္ဂလာကားကွင်း၊ ၀၉-၇၇၇၇၇၀၅၂၂၊ ၀၉-၅၁၇၉၁၁၂၊
အောင်ဆန်းကွင်း - ၀၉-၂၅၆၇၇၇၇၅၂၊ ၀၉-၇၇၂၅၅၅၂၈

# မနောင်အလှမယ်ပြိုင်ပွဲတွင် ကချင်တိုင်းရင်းသူ
## မမရန်ဂျာထွယ်ပန်မှ သရဖူဆွတ်ခူး





ဖေဖော်ဝါရီ ၁၁

၇၂ နှစ်မြောက် ကချင်မနောင်ပွဲအထိမ်း အမှတ်အနေဖြင့် ကျင်းပသည့် မနောင်အလှမယ်ပြိုင်ပွဲတွင် ကချင်တိုင်းရင်းသူ မမရန်ဂျာထွယ်ပန်က အလှမယ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဖေဖော်ဝါရီ ၉ရက်နှင့် ၁၀ ရက်၊ နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါပွဲတွင် ပြိုင်ပွဲဝင်(၁၇)ဦး ပြိုင်ပွဲဝင်ခဲ့ပြီး မမရန်ဂျာထွယ်ပန်က ပထမဆု၊ မဆန်နိုင်မေရီရှိန်းက တတိယနှင့် မကိုင်ဂျီးဆွတ်ဆိုင်းအိန် တို့က တတိယဆုတို့ကို အသီးသီး ဆွတ်ခူး ရရှိခဲ့သည်။

ပြိုင်ပွဲ ပထမရက်တွင် ပြိုင်ပွဲဝင်များ တူညီဝတ်စုံဖြင့် ကပြဖျော်ဖြေခြင်း၊ တစ်ဦးချင်းမိတ်ဆက်ခြင်းနှင့် ညနေခင်းဝတ်စုံများဖြင့် ပါဝင်ယှဉ်ပြိုင်မှုများ ပါဝင်ပြီး၊ ဒုတိယရက်တွင် Top Ten ဆန်ကာတင် ရွေးချယ်ကာ မနောအလှမယ် အပါအဝင် Top Three အထိ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် Title ဆုများဖြစ်သည့် ဓာတ်ပုံအလှဆုံးဆုကို မဂလောင်းချန်းမြော်၊ ကိုယ်ခန္ဓာ အချိုးအစားအလှဆုံးဆုကို မဂျမ်ဝူခေါင်ညွယ်၊ အသားအရေအကောင်းဆုံးဆုကို မမရန်ဂျာထွယ်ပန်၊ လူကြိုက်အများဆုံးဆုကို မဆန်နိုင်မေရီရှိန်းနှင့် ဖက်ရှင်အလှဆုံးဆုကို မလမုန်ဆွတ်ရိန်ပန်တို့က ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ခန္ဓာကိုယ်အလှအတွက်ပြင်ဆင်မှုအပြင်းအထန်ပြုလုပ်ခဲ့ရပြီး၊ ဝတ်စားဆင်ယင်မှုပိုင်းနှင့် ပြုမူနေထိုင်မှုတို့တွင်လည်း ကြိုတင်ပြင်ဆင်မှု များစွာပြုလုပ်ခဲ့ရကြောင်း မမရန်ဂျာထွယ်ပန်က ပြောသည်။




"ဆုရတော့ ပြောမပြတတ်အောင် ဝမ်းသာတယ်။ ဒီလိုဆုရရှိအောင် ပြင်ဆင်ရတာတွေ အများကြီးရှိတာပေါ့။ လေ့ကျင့်ခန်းတွေလည်း အများကြီးလုပ်ရတယ်၊ သူများတွေထက် သာအောင် လှလှပပ ဝတ်စားဆင်ယင်ရတယ်၊ ချိုချိုသာသာ ပြောရတယ်"ဟု မ မရန်ဂျာထွယ်ပန်က ဆိုသည်။

မနောအလှမယ် ပြိုင်ပွဲတွင် ပထမဆုအဖြစ် သရဖူနှင့် ကျပ်ငွေ ၁၀သိန်း၊ ဒုတိယဆု ကျပ်ငွေ ၇သိန်း၊ တတိယဆု ကျပ်ငွေ ၅သိန်း၊ Title ဆုများတွင် ဆုကြေးငွေ ၁ သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ■

ဂျာဒွဲ

ဆွတ်ရတနာ
အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်အပိုပစ္စည်း၊
ရွှေမော်သုံးပစ္စည်း၊ ချိန်းဆော၊ ဂန်း၊ ရေမော်တာနှင့်
အပိုစက်ပစ္စည်းများ ရောင်းဝယ်ရေး
ပစ္စည်းမှန် ၊ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးနေပါပြီ။



ဆာမ်ဆာ့ရပ်ကွက်၊ တနိုင်းတံတားအနီး၊ တနိုင်းမြို့။
၀၉ ၂၆၅၈၉၆၈၄၄၊ ၀၉ ၄၀၀၀၂၄၆၀၀၊ ၀၉ ၄၇၀၂၂၂၀၉